၂၀၀၆ ခုနှစ် (၈၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။

အထူးထုတ်

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နေ့၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၃၅)၊ အမှတ်(၁၃၅)

ပြည်ထောင်စုကြီးကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲအောင်ထိန်းသိမ်းကာကွယ်

အမြော်အမြင်ကြီးမားစွာ စည်းစည်းလုံးလုံး ပေါင်းစည်းယှက်နွယ် နေထိုင်လာခဲ့ကြသည့် ဘေး၊ ဘိုး၊ ဘီဘင်များ၏ကျေးဇူးကြောင့် မိမိတို့နိုင်ငံတော်သည် နိုင်ငံငယ်ကလေးများအဖြစ် အကွဲကွဲအပြားပြား အစိတ်စိတ်အမြွှာမြွှာဖြစ်တည်မလာခဲ့ဘဲ ရှည်၊ ခိုင်မာသည့် ပြည်ထောင်စုကြီးအဖြစ် လွန်ခဲ့သည့်နှစ်ပေါင်းထောင်ကျော်ကပင် တည်တည်တံ့တံ့ ဖြစ်တည်နေထိုင်ခဲ့ခြင်း ဖြစ်တယ်။ မိမိတို့သည် ဤသမိုင်းအမွေကို ဆက်ခံပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်ရင်း ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကာကွယ်သွားကြရမှာဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်
မှလေတန်းဆရာအတတ်သင်တန်းအမှတ်စဉ်(၃၇)
သင်တန်းဆင်းပွဲသြဝါဒမိန့်ခွန်းမှ-

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးအဆင့် (ဘီအီးဒီ) သင်တန်း၊ အမှတ်စဉ် (၃၇)မှ သင်တန်းသား၊ သင်တန်းသူများအား ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်နေ့က ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ ညှိနှိုင်းဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အထူးထုတ် (ဃ) မှ

မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခဲ့ရသည်။

၁၉၄၉ခုနှစ် နှစ်ကုန်ပိုင်းတွင် တရုတ်ဖြူကူမင်တန်တပ်များ မြန်မာ့ပိုင်နက် နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်လာပြီး မြန်မာ့လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာအား ထိပါးလာခြင်းကို တပ်မတော်နှင့်အတူ တိုင်းရင်းသား ပြည်သူတို့လက်တွဲ၍ တွန်းလှန်တိုက်ခိုက်ခဲ့ကြရသည်။

၁၉၅၈ခုနှစ်က နိုင်ငံရေးပါတီအချင်းချင်း နိုင်ငံရေးလွန်ဆွဲပြီး အာဏာလုကြရာမှ ကြုံတွေ့လာခဲ့ရသည့် နိုင်ငံ့လွတ်လပ်ရေး ဆုံးရှုံးရတော့မည့် အရေးကိုလည်း တပ်မတော်နှင့်အတူ တိုင်းရင်းသား ပြည်သူတို့လက်တွဲ၍ ထိန်းသိမ်းကာကွယ်ခဲ့ရသည်။

၁၉၆၂ခုနှစ်တွင်လည်း နယ်ချဲ့တို့၏ သွေးထိုးမှုကြောင့် ကိုလိုနီမှိုင်းမိသူအချို့က ပြည်ထောင်စုကြီးပြိုကွဲအောင် ကြိုးပမ်းကြရာမှ ဖြစ်ပေါ်လာခဲ့ရသည့် မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးရမည့်အရေးကို တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူတို့လက်တွဲ၍ အချိန်မီတားဆီးခဲ့ကြရသည်။

၁၉၈၈ခုနှစ်ကလည်း မင်းမဲ့စရိုက် ဖန်တီးလိုသူများက နယ်ချဲ့တို့၏ သွေးထိုးမှုကို အဟုတ်ထင်၊ ကြားဝင် သပ်လျှိုသမှုကို သတိမထား၊ တိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်ကို ထိပါးနှောင့်ယှက်၊ တိုင်းဆူပြည်ဖျက်အရေးအခင်းကို ပြည်ပအားကိုးဖြင့် ဖန်တီး၊ မိုက်ပြီးရင်းမိုက်သည့် စရိုက်လက္ခဏာများဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလာသည့်အရေးကိစ္စ မှန်သမျှကို တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူတို့ လက်တွဲကာ တိုက်ဖျက် ဖြေရှင်းခဲ့ကြရသည်။

ယင်းသို့သောဖြစ်စဉ် အရပ်ရပ်ကို အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့ပြီး နိုင်ငံ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ခြင်းမှာ တိုင်းရင်းသားပြည်သူများ၏ နှလုံးသည်းပွတ်အတွင်း ရှင်သန်ထက်မြက် ခိုင်ကျည်မြဲမြံစွာ ကိန်းအောင်းတည်ရှိပြီးဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ကြောင့်ပင်ဖြစ်ကြောင်း ထပ်လောင်းတင်ပြစရာ မလိုလောက်အောင်ပင် သမိုင်းမော်ကွန်းတွင် အထင်အရှားဖော်ညွှန်းထားပြီးဖြစ်ပေသည်။

တည်ရှိပြီးဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ယခုထက်ပိုမိုခိုင်ကျည်မြဲမြံရေးအတွက် ကြိုးပမ်းတည်ဆောက် ကြရမည် ဖြစ်ပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုစိတ်ဓာတ်ခိုင်ကျည်မြဲမြံရေးနှင့်စပ်လျဉ်း၍ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၂၀ရက်နေ့က ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံခန်းမ၌ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်းအမှတ်စဉ် (၃၇)မှ သင်တန်းသူ သင်တန်းသားများအား တွေ့ဆုံရာတွင် ဤသို့လမ်းညွှန်မှာကြားခဲ့ပေသည်-

“ပင်ကိုအားဖြင့် တည်ရှိပြီးဖြစ်သည့် ထိုပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများကို ပိုမိုတောင့်တင်းခိုင်ခံ့အောင်၊ ပိုမိုခိုင်မြဲအောင် တည်ဆောက်ပေးကြရမှာ ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် တောင့်တင်းခိုင်မာမှသာ မိမိတို့ပြည်ထောင်စုကြီး၏ နယ်နိမိတ်သည် အမြဲတမ်းတည်တံ့ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည်လည်း အစဉ်ထာဝရ တည်မြဲနေမှာ ဖြစ်ကြောင်း။

“ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားခိုင်မြဲရေး ဆောင်ရွက်ရာတွင် အတွေးအခေါ် အယူအဆပိုင်းသက်သက် သဘောတရားရေးသက်သက်ဖြင့် တည်ဆောက်၍မရနိုင်ဘဲ လက်တွေ့ပိုင်းဖြင့် ပေါင်းစပ်နိုင်ရန်လည်းလိုအပ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုကြီး တစ်ရပ်လုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရအောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဟူသော ဖွံ့ဖြိုးရေးစီမံကိန်းသုံးရပ်ကို တစ်ပြိုင်နက်တည်း ပေါင်းစည်း ဆက်စပ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိကြောင်း”

ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရေးပါသကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားခိုင်မြဲရေးအတွက်လည်း နိုင်ငံတော်က နိုင်ငံတစ်ဝန်း နယ်စပ်ဒေသပါမကျန် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးကို စီမံကိန်းများချမှတ်၍ လက်တွေ့ကျကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

အထူးသဖြင့် ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုအမွေဆိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသော နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများအတွက် နိုင်ငံတော်က အထူးကရုဏာမေတ္တာထားကာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၁၉ရက်နေ့က ညောင်ဦးမြို့နယ် မြကန်စိမ်းလန်း သာယာရေး စီမံကိန်း ရှင်းလင်းဆောင်အနီး၌ လယ်ယာ-၁၆ လက်တွန်းထွန်စက်အား ခြစည်းရိုးကြက်ဆူရိုင်းမှ ထုတ်ထားသည့် ဘိုင်အို ဒီဇယ်ဖြင့် စမ်းသပ်မောင်းနှင်ပြသမှုကို ကြည့်ရှုစစ်ဆေးစဉ်။

၁၉၉၂ ခုနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနကို ဖွဲ့စည်းကာ ၁၉၉၄ ခုနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနကို ပြင်ဆင်ဖွဲ့စည်း၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် တိုးတက်ဆောင်ရွက်ပေးခဲ့သည်။

ယခင်က မရှိခဲ့ဖူးသော၊ မတွေ့ခဲ့ဖူးသော၊ မကြုံခဲ့ဖူးသော၊ မရရှိ မခံစားခဲ့ရဖူးသော ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ လက်တွေ့ရရှိခံစားနေကြရပြီဖြစ်သည်။

၁၉၈၉ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုး တိုးတက်မှုလုပ်ငန်းများမှရရှိသော အသီးအပွင့်များကို ဤသို့အံ့မခန်း တွေ့ရှိကြရမည် ဖြစ်ပေသည်-

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ

စဉ်	လုပ်ငန်းများ	တိုးတက်ဖြစ်ပေါ်မှု
၁	မြေလမ်း(မိုင်)	၃၂၃၅
၂	ကျောက်ခင်းလမ်း(မိုင်)	၂၀၂၁မိုင် ၅ဖာလုံ
၃	ကတ္တရာလမ်း(မိုင်)	၃၅၄မိုင် ၄ဖာလုံ
၄	လမ်းပြုပြင်ထိန်းသိမ်းခြင်း(မိုင်)	၃၃၂၁မိုင် ၅ဖာလုံ
၅	တံတားများ(ကြီး/ငယ်/ကြိုးတံတား)	၅၆/၇၃၂/၃၃
၆	ဆေးရုံ	၇၉
၇	ဆေးပေးခန်း/ ကျေးလက်ကျန်းမာရေးဌာန	၁၀၅/၅၈
၈	ကျောင်း(အမက၊ အလက၊ အထက)	၈၅၃/ ၉၀/ ၉၂
၉	စိုက်ပျိုးရေးရုံး/စခန်း	၃၁/၁၁၇
၁၀	ဆည်(တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီးဆည်၊ တိုင်းတာပြီးဆည်၊ တူးမြောင်း)	၄၆/၁၇/၅
၁၁	ထွန်စက်စခန်းများ	၁၁
၁၂	လျှပ်စစ်မီးစက်/ မီးလင်းသည့်မြို့	၂၆၂/၁၉၆
၁၃	ရေအားလျှပ်စစ်ရှိသည့်မြို့နှင့်ကျေးရွာ	၁၁
၁၄	ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ	၁၁၁
၁၅	စာတိုက်၊ကြေးနန်းရုံး၊ တယ်လီဖုန်းလုပ်ငန်း	၅၂/၄၄/၈၅

ထို့ပြင် ၁၉၈၈ခုနှစ်နောက်ပိုင်း ၂၀၀၅ခုနှစ်အထိ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကိုလည်း ဤသို့ တွေ့ရှိရပေသည်-

နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ

စဉ်	လုပ်ငန်းများ	တိုးတက်ဖြစ်ပေါ်မှု
၁	ကတ္တရာလမ်း (မိုင်)	၃၄၂၉/၂
၂	ကျောက်ခင်းလမ်း (မိုင်)	၁၇၉၀/၅
၃	မြေလမ်း (မိုင်)	၃၂၄
၄	ပေ ၁၈၀နှင့်အထက်တံတား(စင်းရေ)	၂၁၁
၅	ရထားလမ်း (မိုင်)	၁၁၅၉
၆	လေယာဉ်ကွင်း	၁၇
၇	ဂျက်လေယာဉ်ကွင်းအဆင့်မြှင့်တင်	၂၅
၈	ဆည်တမံ	၁၈၂
၉	ကျေးလက်ဆည်	၇၇၁
၁၀	မြစ်ရေတင်စီမံကိန်း	၂၉၃
၁၁	လျှပ်စစ်ဓာတ်အားစီမံကိန်း	၃၀
၁၂	အခြေခံပညာကျောင်း	၆၇၇၈
၁၃	တက္ကသိုလ် ကောလိပ်	၁၂၄
၁၄	ဆေးရုံ	၁၉၃
၁၅	ကျေးလက်ကျန်းမာရေးဌာန	၁၁၅
၁၆	စာတိုက်စခန်း	၂၂၃
၁၇	ကြေးနန်းရုံး	၁၇၅
၁၈	တယ်လီဖုန်းရုံး	၆၀၈

ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထ

တိုင်းရင်းသား ပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် နိုင်ငံ့လွတ်လပ်ရေးကို ရယူနိုင်ခဲ့ပြီးနောက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့်ပင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ် စောင့်ရှောက်လျက်ရှိသည်။

ထို့အတူ ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အသီးအပွင့်များကို စိုက်ပျိုး သီးပွင့်စေလျက်ရှိသည်။ ယခုတစ်ဖန် အနာဂတ်နိုင်ငံတော်အား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းလာစေရန်အတွက် နိုင်ငံတစ်ဝန်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုများအတွင်း အခိုင်အမာတည်ရှိပြီးဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့်ပင်ကြိုးပမ်းတည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် လိုအပ်မည့် အခြေခံလိုအပ်ချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၇)မှ သင်တန်းသား သင်တန်းသူများအား တွေ့ဆုံရာတွင် ဤသို့ လမ်းညွှန်မှာကြားခဲ့ပေသည်-

“အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် ပထမဆုံး

အခြေခံလိုအပ်ချက်မှာ နိုင်ငံတော်တ
ဖြစ်ထွန်းနေရန်ဖြစ်ကြောင်း၊ ဒုတိယ
ရန်ဖြစ်ကြောင်း၊ တတိယအခြေခံလိုအ
ပြည်သူများ၏ ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ၏ လ
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိ
နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့
တပ်မတော်တို့ လက်တွဲကြိုးပမ်း တ
များကို ထင်ရှားစွာ တွေ့မြင်နေကြရ

ယခုအခါ နိုင်ငံတော်ရှေ့ဆ
အမျိုးသား ညီလာခံကြီးကို ကျင်းပ
ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စည်းက
မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေ
ပြည်သူအားလုံးကို ကိုယ်စားပြုသည့် တ
တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာ
၎င်းတို့၏ ရင်တွင်း၌ အခိုင်အမာတည်
ဥပဒေကို ရေးဆွဲလျက်ရှိနေကြပြီဖြစ်သ
အသေးစိတ် အခြေခံရမည့်မူများကို အ
ရှိနေကြပြီ ဖြစ်သည်။

ထိုသို့ နိုင်ငံတော်ကို လွတ်
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
* တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး။
* ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား အားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

အခြေခံလိုအပ်ချက်မှာ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းနေရန်ဖြစ်ကြောင်း၊ ဒုတိယ အခြေခံလိုအပ်ချက်မှာ အမျိုးသားစီးပွားရေးဘဝ နိုင်မာတောင့်တင်းရန်ဖြစ်ကြောင်း၊ တတိယအခြေခံလိုအပ်ချက်မှာ နိုင်ငံတော်၏ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ ပညာရည်မြင့်မားရေးပင် ဖြစ်ကြောင်း”

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံလိုအပ်ချက် သုံးရပ်ကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲကြိုးပမ်း တည်ဆောက်မှုရလဒ်အဖြစ် နိုင်ငံတစ်ဝန်းဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ထင်ရှားစွာ တွေ့မြင်နေကြရပြီ ဖြစ်သည်။

ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်၍ ပထမအဆင့်ဖြစ်သော အမျိုးသား ညီလာခံကြီးကို ကျင်းပလျက် ရှိနေပေပြီ။ အမျိုးသားညီလာခံကြီးမှ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူအားလုံးကို ကိုယ်စားပြုသည့် တစ်နည်းအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်ကို ကိုယ်စားပြုသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များက ၎င်းတို့၏ ရင်တွင်း၌ အခိုင်အမာတည်ရှိပြီးဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲလျက်ရှိနေကြပြီဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများကို အမျိုးသားညီလာခံ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြု ချမှတ်လျက်ရှိနေကြပြီ ဖြစ်သည်။

ထိုသို့ နိုင်ငံတော်ကို လွတ်လပ်ရေးရရှိသည်မှ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်အဖြစ် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းတည်ဆောက်ကြရာတွင် အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ်များမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများဖြစ်ကြ၍ ထားရှိရမည့် စိတ်ဓာတ်မှာ ပင်လုံမြေမှ အခြေပြုခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပေသည်။ ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်ရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်ပေသည်။

ပြည်ထောင်စုစိတ်ဓာတ်၏ အရေးပါမှုနှင့်စပ်လျဉ်း၍ ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၅) စတုတ္ထနေ့တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

“နိုင်ငံတော်ဟာ ရှေးပဝေသဏီကတည်းက တိုင်းရင်းသားလူမျိုးစုံညီစွာ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး အတူအခြေချနေထိုင်ခဲ့တဲ့ နိုင်ငံဖြစ်တယ်။ တစ်ဦးနှင့်တစ်ဦး အေးအတူပူအမျှ ပူးပေါင်းနေထိုင်ခဲ့တဲ့ ခိုင်မြဲသော အစဉ်အလာကောင်းရှိပြီး ဖြစ်တယ်။ နိုင်ငံတော်ရဲ့ သမိုင်းကြောင်းမှာ တိုင်းရင်းသားလူမျိုးအချင်းချင်း ဥမကွဲသိုက်မပျက် အပြန်အလှန် စာနာနားလည်မှု၊ တွယ်တာမှုများနဲ့ ချစ်ကြည်စွာနေထိုင်တဲ့ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံရှင်သန်မှုများ ရှိတယ်။

“စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဆိုတာ ပြည်ထောင်စုရဲ့ မည်သည့် နေရာတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲတဲ့ ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရေးပဲဖြစ်တယ်။ ပြည်ထောင်စုစိတ်ဓာတ်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်တယ်။ ပြည်ထောင်စု စိတ်ဓာတ်ဟာ ဒို့တာဝန်အရေးသုံးပါးရဲ့ အခြေခံဖြစ်တယ်”

ဟူ၍ လမ်းညွှန်မိန့်ကြားခဲ့ပေသည်။

အရင်းစစ်သော် အမြစ်မြေက ဆိုသကဲ့သို့ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော် ပေါ်ပေါက်ရေးအတွက် အရင်းခံကျသည်မှာ ဒို့တာဝန် အရေးသုံးပါး ထာဝစဉ်တည်တံ့ခိုင်မြဲရေးပင်ဖြစ်ပါသည်။ ထိုသို့ ဒို့တာဝန်အရေးသုံးပါး ထာဝစဉ် တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ နှလုံးသည်းပွတ်၌ ထက်မြက် ခိုင်ကျည်မြဲမြံနေသည့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်မှာ သမိုင်းကပေးသော အမျိုးသားရေး တာဝန်တစ်ရပ်ပင် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်ရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်ပေသည်။

တိုင်းရင်းသားညီအစ်ကိုများ အဆင့်မြင့်ပညာများသင်ကြားနိုင်ရန်အတွက် နိုင်ငံတော်က တည်ဆောက်ပေးထားသော ဗန်းမော်ဒီဂရီကောလိပ်ကို ခံ့ညားထည်ဝါစွာ ဤသို့တွေ့ရသည်။

ပြည်ထောင်စုနေ့အဓိဋ္ဌာန်

❊ နှင်းမှုန်ဖျန်းပက်၊ ဆယ့်နှစ်ရက်ဖေဖော်ဝါရီ
ရာသီ ဆောင်းပန်း၊ ပွင့်လန်းသင်းထုံကြည်
ရောင်သွေးစုံညီ၊ စီရီပွင့်ဖူး
ဘိုး၊ ဘွား အမွေ၊ ငါတို့မြေ
ရွှန်းဝေအလှ ထူးပါဘိလေး။

❊ ကြည်နူးဖွယ်အလှ၊ ထာဝရပိုင်ဆိုင်ပေ
မြန်မာ့မြေတစ်ဝန်း၊ စိမ်းလန်းသစ်လွင်နေ
တော တောင်ရေမြေ၊ ရစ်ခွေ မြစ်-ချောင်း
လမ်းတံတား ခေတ်မီ၊ ပြည်သစ်တည်
ချစ်ကြည်စဖွယ် ကောင်းပါဘိလေး။

❊ မိုင်ပေါင်းမည်မျှ၊ ဝေးကွာကြပါစေ
ဒို့ တိုင်းရင်းသား၊ ညီဘွား နောင်ရင်းဆွေ
မခြားစိတ်နေ၊ မသွေစိတ်ထား
စည်းလုံးချစ်ကြည်၊ ပြည်သစ်ဆီ
လှမ်းချီစုပေါင်း အား ရယ်နှင့်လေး။

❊ ဒို့တာဝန်အရေးသုံးပါး၊ နှလုံးသားမှာ သန္ဓေတည်
အမျိုးသားရေးမူဝါဒ၊ ချမှတ် စောင့်ထိန်းမည်
ကမ္ဘာအရှည် မြန်မာပြည်၊ တည်တံ့အောင် ဒို့ကြိုးပမ်း
ကချင် ကယား ကရင် ပါ၊ ချင်း မွန် ဗမာ
ညီညာ ရခိုင် ရှမ်း အစုံတည့်လေး။

❊ လမ်းစဉ်ခုနစ်ရပ်၊ ချမှတ်ချီတက်မည်
ရွှေချိုးဖြူနွဲ့၊ ကူတဲ့ သည်ယနေ့ဆီ
တစ်ဝန်း မြန်ပြည်၊ အေးချမ်းမည် နိမိတ်
မြန်မာ့ဂုဏ်ရောင်၊ မြန်မာတို့ဆောင်
အောင်တိတ် အောင်ဟိတ်
အောင်အရိပ် ဝေလိမ့်လေး။

ညီနောင်ထု စိတ်အကြံ တဆိတ်ပြန် မယိုင်မလဲညီ။
ပြည်ထောင်စု စိတ်အမှန် အဓိဋ္ဌာန် ခိုင်မြဲသည်။

မြင်းမူမောင်နိုင်မိုး

ပြည်ထောင်စုစိတ်ဓာတ် ထက်မြက်ကျေပွန် ဒို့တာဝန်အရေးသုံးပါး အမျိုးသားရေးတာဝန်

“ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မည်သည့်အဖွဲ့အစည်း၊ မည်သည့်လူမျိုး၊ မည်သည့်ပါတီကိုမျှ အခြေခံသည့် စိတ်ဓာတ်မဟုတ်ဘဲ တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးစိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ပြည်ထောင်စု မပြိုကွဲရေး တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါး မှာလည်း ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးနှင့် သက်ဆိုင်သည့် နိုင်ငံသူနိုင်ငံသားတိုင်း ထမ်းရွက်ရမည့် အမျိုးသား ရေးတာဝန်များပင်ဖြစ်ကြောင်း။”

[နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်နေ့က ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးအဖွဲ့ (ဘီအီးအီ)သင်တန်းအမှတ်စဉ် (၃၄) သင်တန်းသား၊ သင်တန်းသူများအား ပေးပို့သည့်မှာကြားချက်မှ-]

တက္ကသိုလ်မောင်သုရှိုင်

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့ (ယနေ့)သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဖြစ်ပေသည်။

လွန်ခဲ့သော (၅၉)နှစ်က ဤနေ့ရက်တွင် နိုင်ငံ့လွတ်လပ်ရေးကို ရယူရာ၌ အရေးပါလှသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ် ကျောက်စာတိုင်ကို ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ပင်လုံမြို့တွင် တိုင်းရင်းသားညီအစ်ကိုများ စုစည်းညီညွတ်မှုစွမ်းပကားဖြင့် ခိုင်ခိုင်မြဲမြဲ စိုက်ထူခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန်အရေးသုံးပါး အမျိုးသားရေးတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ် ထက်မြက်ခိုင်ကျည် မြဲမြံရေးသည် လွန်စွာအရေးပါလှပေသည်။

ပင်လုံစာချုပ်တွင် အခြေပြုခဲ့သည့် တိုင်းရင်းသားညီအစ်ကိုများ၏ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စု စိတ်ဓာတ်အစွမ်းဖြင့် မြန်မာ့လွတ်လပ်ရေးကို ရယူနိုင်ခဲ့သည်။

မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည် ရယူနိုင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာတွင်-

“**မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာကပင်ကိုယ်ပိုင်တိုင်းပြည်၊ ကိုယ်ပိုင်လူမျိုး၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ရိုးရာဓလေ့တို့ကို ချစ်မြတ်နိုးသည့်စိတ်၊ ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးကိုထိလျှင် မခံနိုင်အောင် နာတတ်သည့်စိတ်၊ ကိုယ့်တိုင်းပြည်အတွက် ကိုယ်ကျိုးမငဲ့ဘဲ စွန့်လွှတ်စွန့်စားတတ်သည့်စိတ်ဟူသော မျိုးချစ်စိတ်ဓာတ်ဖြင့် ပြည့်ဝသူများဖြစ်ကြသည်။ လွတ်လပ်ရေးကို မြတ်နိုးသူများလည်း ဖြစ်ကြသည်။ ဤသို့သော မျိုးချစ်စိတ်နှင့် စိတ်ဓာတ်ရှိခြင်းကြောင့်လည်း ဆုံးရှုံးခဲ့သော လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ပြန်လည် ရယူနိုင်ခဲ့ခြင်း ဖြစ်ပေသည်**”

ဟူ၍ ဖော်ပြခဲ့သည်။

မြန်မာ့လွတ်လပ်ရေးကို ကြိုးပမ်းရယူခဲ့ကြရာတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့သည် အခြေခံလည်းကျသည့်အပြင် အဓိကလည်း ကျကြောင်း၊ မြန်မာ့သမိုင်းဖြစ်စဉ်များက အထင်အရှား သက်သေပြလျက်ရှိသည်။

လွတ်လပ်ရေးရပြီးနောက် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ဆုံးရှုံးရတော့မည့် အခြေအနေများနှင့် ကြုံတွေ့ခဲ့ရချိန်များတွင်လည်း တိုင်းရင်းသား ညီအစ်ကိုများသည် ပြည်ထောင်စုစိတ်ဓာတ်အရှိန်ဖြင့် တပ်မတော်နှင့်လက်တွဲကာ

အထူးထုတ် (ခ) သို့

ခုဋ္ဌဝတီမြစ်ကူးတံတား (နောင်ချို)

ရှမ်းပြည်နယ်(တောင်ပိုင်း) **ရပ်စောက်မြို့နယ်**နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) **နောင်ချိုမြို့နယ်** ဆက်သွယ်သောတံတား ဖြစ်သည်။တံတားအမျိုးအစားမှာ သံကူကွန်ကရစ် ရက်မကြိုးဝင်နှင့် C.H သံပေါင်ရက်မ ကွန်ကရစ်ကြိုးဝင်အမျိုးအစား ဖြစ်သည်။
အောက်ခံမှာ သံကူကွန်ကရစ် ရေတွင်းခွေအုတ်မြစ်နှင့် သံကူ ကွန်ကရစ်တိုင် အမျိုးအစားဖြစ်သည်။
တံတားအရှည် **၅၈၅ ပေ**ဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် **၂၄ပေ** နှင့် တစ်ဖက်လျှင် **၃ ပေ**စီကျယ်သည့် လူသွားလမ်းပါရှိသည်။
တံတားအောက် ရေလမ်းကြောင်းလွတ်နယ် အကျယ်မှာ ၆၀ x ၈၀ နှင့် အမြင့်မှာ ၁၈ ပေဖြစ်သည်။
ခွင့်ပြုအလေးချိန်မှာ ယာဉ်တင်စီးနှုန်း **တန် ၆၀** ခံနိုင်ဝန်ရှိသည့် တံတားဖြစ်သည်။
၂၂-၂-၂၀၀၄တွင် စတင်တည်ဆောက်ပြီး ၁၅-၅-၂၀၀၅ရက်နေ့တွင် ပြီးစီးခဲ့သည်။
၆-၆-၂၀၀၅ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

Nationality 2006 (B+C) 4 3/24/1905, 8:40 PM

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်နေ့၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၃၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ သဝဏ်လွှာပေးပို့

ပြည်ထောင်စုနေ့ သည် သမိုင်းတန်ဖိုးကြီးမားလှသော နေ့ ထူးနေ့ မြတ်ဖြစ် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ထာဝစဉ်မွေးမြူ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အချိန်နှင့်တစ်ပြေးညီရင့်သန်ခိုင်မာနေအောင် အားထုတ်ကြိုးပမ်း ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းဖော်ဆောင်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ချစ်ကြည်လေးစားအပ်သော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား–

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့မင်္ဂလာအခါသမယတွင် အမိပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

"ပြည်ထောင်စုနေ့"သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ကိုလိုနီနယ်ချဲ့တို့၏ နှစ်ပေါင်း ၁၀၀ကျော် ကျွန်ပြုစိုးမိုးမှုအောက်မှ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ဆန့်ကျင်ရုန်းထွက်ကာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် ပြန်လည်မွေးဖွားသန့်စင်ပေးနိုင်ခဲ့သည့် သမိုင်းတန်ဖိုးကြီးမားလှသော နေ့ထူးနေ့မြတ် မင်္ဂလာနေ့ရက်တစ်ရက် ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁

လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးဗုဒ္ဓပူဇနိယပွဲတော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၁၁

လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ပဌမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက် ကြည်ညိုကြသည်။

တက်ရောက်ကြည်ညို

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်သို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကရေ၊

စာမျက်နှာ ၆ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး အသက်တမျှအရေးပါ မူဝါဒလမ်းစဉ်အောင်မြင်ရေး ကျရာကဏ္ဍက ပါဝင်ထမ်းဆောင်

ယနေ့သည်ကား ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက် **(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့**ဖြစ်သည်။ ပြည်ထောင်စုနေ့သည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုကို ဖော်ပြခဲ့သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

မြန်မာတိုင်းရင်းသားများသည် ရှေးပဝေသဏီ သမိုင်းမတင်မီ ကာလကတည်းက မြန်မာ့မြေပေါ်၌ မရှိအတူရှိအတူ၊ ဥမကွဲသိုက်မပျက်၊ တစ်စိတ်တစ်ဝမ်းတည်း အတူတကွ လက်တွဲနေထိုင်လာခဲ့ကြသူများ ဖြစ်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည်လည်း ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ဝင့်ဝင့်ကြွားကြွား ရပ်တည်လာခဲ့သည်။

ကုန်းဘောင်မင်းဆက်များ လက်ထက်တွင် ကိုလိုနီနယ်ချဲ့တို့၏ သပ်လျှိုသွေးခွဲမှုကို ခံခဲ့ရ၍ စည်းလုံးညီညွတ်မှုပျက်ပြားခဲ့ပြီး ပြည်ထောင်စုစိတ်ဓာတ် မှေးမှိန်ခဲ့ရသည့်အကျိုးဆက်ကြောင့် နိုင်ငံတော်သည် ကိုလိုနီနယ်ချဲ့တို့၏လက်အောက် ကျွန်သပေါက်ဘဝကို ကျရောက်ခဲ့ရသည်။

ကိုလိုနီနယ်ချဲ့တို့သည် ပြည်မနှင့်တောင်တန်း သွေးခွဲအုပ်ချုပ်ခဲ့ကြသည်။ တောင်တန်းဒေသများသည် ဖွံ့ဖြိုးမှုနောက်ကျသည်ထက် နောက်ကျခဲ့ရသည်။ ကိုလိုနီနယ်ချဲ့များအနေဖြင့် မလွဲမရှောင်သာ လွတ်လပ်ရေးပေးရတော့မည့် အခြေအနေရောက်နေချိန်မှာပင် တောင်တန်းဒေသများကို ၎င်းတို့၏ ဩဇာခံနယ်ပယ်များအဖြစ် ဆက်လက်သိမ်းသွင်း အုပ်စိုးလိုသည့်အတွက် မြေပြန့်နေ တိုင်းရင်းသားများနှင့် တောင်တန်းဒေသ တိုင်းရင်းသားများအကြား စိတ်ဝမ်းကွဲပြားအောင် အမျိုးမျိုးအဖုံဖုံ သွေးခွဲသပ်လျှိုမှုများ ပြုလုပ်ခဲ့သည်ကိုလည်း သမိုင်းတွင် အထင်အရှားတွေ့ရှိရမည် ဖြစ်သည်။

အမြော်အမြင်ကြီးမားသည့် တိုင်းရင်းသားခေါင်းဆောင်များ၏ ကြိုးပမ်းအားထုတ်မှုဖြင့် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ရှမ်းပြည်နယ် ပင်လုံမြို့၌ ပြည်မတောင်တန်းမခွဲခြားဘဲ အတူတကွ လွတ်လပ်ရေး ရယူကြမည်ဟူသည့် ခိုင်မြဲသည့်သန္နိဋ္ဌာန်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာပြသနိုင်ခဲ့သည့်အတွက် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာတစ်နိုင်ငံလုံး လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုကြီးအဖြစ် ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းတစ်လျှောက်တွင် အစဉ်အမြဲအောက်မေ့တသ နေရမည့်နေ့၊ ပြည်ထောင်စုကြီးအစဉ်ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှအရေးကြီးလှသည့်နေ့၊ လွတ်လပ်ရေးအတွက် သန္နေတည်ပေးခဲ့သည့်နေ့စသော နိုင်ငံရေးအဓိပ္ပာယ်လေးနက်လှသည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို **"ပြည်ထောင်စုနေ့"**ဟု သတ်မှတ်ပြီး နှစ်စဉ်နှစ်တိုင်း ပြည်ထောင်စုနေ့အခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် အမျိုးသားရေးဦးတည်ချက်များချမှတ်ပြီး ထည်ထည်ဝါဝါ ကျင်းပနေခြင်းပင် ဖြစ်သည်။

တပ်မတော်အစိုးရ နိုင်ငံ့တာဝန်ယူခဲ့ရသည့်အချိန်တွင် ခေတ်အဆက်ဆက် မြန်မာနိုင်ငံဖြတ်သန်းခဲ့ရသည့် နိုင်ငံရေးအခြေအနေအရပ်ရပ်ကို အလေးအနက်သုံးသပ်ပြီး မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်မှုခိုင်မြဲနေမှသာ ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့တည်တံ့ပြီး အချုပ်အခြာအာဏာလည်း ရေရှည်ခိုင်မြဲမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက **"ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"** ဟူသည့် အမျိုးသားရေး မူဝါဒကိုချမှတ်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားပြန့်ပွားရေးတို့ကို စဉ်ဆက်မပြတ် အလေးပေးဆောင်ရွက်ခဲ့သည်။

ယခုအခါ နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးအေးချမ်းသာယာဝပြောပြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေး၊ တစ်မျိုးသားလုံး လိုလားတောင့်တသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးတို့အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဥမကွဲသိုက်မပျက် အခွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် တိုင်းရင်းသားပြည်သူအားလုံးအတွက် အသက်တမျှအရေးပါသည်ဆိုသည်ကို စွဲမြဲစွာယုံကြည်ခံယူကြပြီး အမျိုးသားညီလာခံကြီး အောင်မြင်ဖြစ်ထွန်းရေးမှစ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ပေါ် ပြည့်မြောက်သည်အထိ နိုင်ငံသားတိုင်းက မိမိတို့ကျရာအခန်းကဏ္ဍမှ အမျိုးသားရေး တာဝန် ကျေပွန်စွာ ပါဝင်ထမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၂-၂-၂၀၀၆
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ မိုးကုတ် ဆရာတော်ကြီး၏ တရားတော် **"တဏှာကိုပယ်ခြင်းသည် ဘုရားဝါဒဖြစ်သောတရားတော်"**

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၁၅ ၄။ မေးမြန်းစူးစမ်း
- ၁၂း၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂း၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"စံပြုထိုက်သူ"** (အပိုင်း-၂)ဇာတ်သိမ်း
- ၁း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၃၅ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၀၀ ၅။ အမေးကမ္ဘာတွေးစရာ
- ၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၇။ နိုင်ငံတကာသတင်း
- ၆း၂၀ ၈။ မိုးလေဝသသတင်း
- ၆း၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၀။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နေခြည်ဖြာမှ"** (အပိုင်း-၁၁)
- ၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၄။ ပဟေဠိနန်းတော်
- ၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၆။ English Premier League ဘောလုံးပွဲအစီအစဉ် Manchester City Vs Charton Athletic (Live)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန်(၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

မြန်မာ့စီးပွားရေးဘဏ် လက်ထောက်မန်နေဂျာများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် လက်ထောက်မန်နေဂျာများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၀၅)ဆင်းပွဲကို ယမန်နေ့နံနက်၇နာရီခွဲက ရန်ကုန်မြို့ပန်းဆိုးတန်းလမ်းရှိ ဘဏ်ခွဲ(၁) သင်တန်းခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနလုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်၍ သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များကို ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၇၃ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ခုနစ်ပတ် ကြာမြင့်ခဲ့သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁)တွင် ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ ပေါင်းစည်းညီညွတ်မှုစွမ်းအား ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားတို့ဖြင့် ကိုလိုနီနယ်ချဲ့တို့၏ သွေးဆောင်ဖြားယောင်းသပ်လျှိုသွေးခွဲမှုကို အမျိုးသားရေးအသိဖြင့်ဖယ်ရှားနိုင်ခဲ့

■ **ရှေ့ဖုံးမှ**

ထို့ပြင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ ပေါင်းစည်းညီညွတ်မှုစွမ်းအား၊ ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားတို့ဖြင့် ကိုလိုနီနယ်ချဲ့တို့၏ သွေးဆောင်ဖြားယောင်း သပ်လျှိုသွေးခွဲမှုကို အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိတို့ဖြင့် ဖယ်ရှားနိုင်ခဲ့ခြင်းကို ဖော်ညွှန်းပြဆိုနေသည့် အမျိုးသားရေးအနှစ်သာရနှင့် ပြည့်စုံလှသော နေ့ရက်တစ်ရက်လည်း ဖြစ်ပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှု၊ ရိုင်းပင်းကူညီမှု၊ အပြန်အလှန်အမှီသဟဲပြုမှု၊ သည်းခံခွင့်လွှတ်မှု၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှုဟူသော မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံလျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွင်း သုခ၊ ဒုက္ခဟူသမျှကို မျှဝေခံစားရင်း ပေါင်းစည်းရောယှက်နေထိုင်လာခဲ့ကြသည်မှာ သမိုင်းဦးအစ ကာလမှသည် ယနေ့ထက်တိုင်ပင် ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟု ဖြစ်တည်လာမည့် နယ်မြေအတွင်း သမိုင်းခေတ်ဦးအစမှ စတင်ပေါက်ဖွားရှင်သန်လာခဲ့သော လူသားမျိုးနွယ်တစ်ရပ်သည် အစုအဖွဲ့အလိုက် ရေကြည်ရာမြက်နုရာ လှည့်လည်နေထိုင်ရင်း တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော် ပွားစည်းလာခဲ့ပြီး **“မြန်မာမိသားစုကြီး”**အဖြစ် ပေါင်းစည်းနေထိုင်လာကြသည့် သမိုင်းအစဉ်အလာကို တိုင်းရင်းသားလူမျိုးတိုင်း သိရှိထိန်းသိမ်းစောင့်ရှောက်ကြရန် လိုပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း နယ်မြေဒေသအနှံ့တွင် တိုင်းရင်းသား လူမျိုးပေါင်းစုံ ပျံ့နှံ့နေထိုင်လျက်ရှိသကဲ့သို့ နယ်မြေဒေသအစိတ်အပိုင်း တစ်ခုချင်းတွင်လည်း တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းရောယှက်နေထိုင်လျက်ရှိကြရာ တိုင်းရင်းသားလူမျိုးများအားလုံး၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝများသည် တစ်သားတည်းဖြစ်ကာ သမိုင်းကြောင်းတစ်လျှောက်တွင် ပေါ်ပေါက်ခဲ့သော ကောင်းကျိုးဆိုးကျိုးများကို မျှဝေခံစား ခံစားခဲ့ကြခဲ့ရသည်သာ ဖြစ်ပါသည်။

ဤသို့အားဖြင့် တိုင်းရင်းသားလူမျိုး တစ်မျိုးမျိုး၊ သို့မဟုတ် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်း တစ်ရပ်ရပ်ကို သီးသီးသန့်သန့် ခွဲခြားပိုင်းခြားမရနိုင်ဘဲ ပြည်ထောင်စုကြီး တစ်ရပ်လုံးနှင့်တိုင်းရင်းသားလူမျိုးများ အားလုံးကို လွှမ်းခြုံပေးနိုင်မှသာ ပြီးပြည့်စုံသည့် အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေသည် ပြည်ထောင်စုကြီး၏ ထူးခြားသော ဝိသေသဂုဏ်ရည် တစ်ရပ်ပင် ဖြစ်ပါသည်။

ထို့ကြောင့် တိုင်းရင်းသားလူမျိုးအားလုံး လွှမ်းခြုံလျက်ရှိသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တည်ငြိမ်အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တည်တံ့ခိုင်မြဲမှုတို့သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအား၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်မှုစွမ်းအားတို့အပေါ်၌ လုံးဝဥဿုံ တည်မှီလျက်ရှိသည်ကို တိုင်းရင်းသားလူမျိုးများ အားလုံးက ခံယူထားကြရမည် ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ရှည်လျားခိုင်မာသော သမိုင်းကြောင်း တစ်လျှောက်တွင် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းတစ်ပါးသားတို့၏ ကျူးကျော်ရန်စမှုကို ဆတ်ဆတ်ထိမခံ လက်တွဲတွန်းလှန် တိုက်ဖျက်တတ်သည့် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်တို့သည် ကျွန်ုပ်တို့၏ ပြည်ထောင်စုကြီးကို နိုင်ငံတကာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ မားမားမတ်မတ် ရပ်တည်နိုင်အောင် အစဉ်ထာဝရ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးခဲ့သည့် အမျိုးသားရေးအားမာန်များ ဖြစ်ပါသည်။

ဤသို့သောအခြေအနေကြောင့် ကျွန်ုပ်တို့၏ ပြည်ထောင်စုကြီးကို ကျူးကျော်သိမ်းပိုက်လိုသော၊ ဩဇာလွှမ်းမိုး ခြယ်လှယ်လိုသော ကိုလိုနီနယ်ချဲ့ လက်ဟောင်းလက်သစ်တို့သည် ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အစီအစဉ်တကျ သပ်လျှိုဖြိုခွဲပြီး အမျိုးသားရေးအားမာန်ကို လျော့ပါးချည့်နဲ့အောင် လုပ်ဆောင်ခဲ့၊ လုပ်ဆောင်ဆဲ ဖြစ်သည်ကိုလည်း အမျိုးသားရေးသတိဖြင့် သိမြင်ထားကြရန် လိုအပ်ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲပျက်ပြားမှုသည် နှစ်ပေါင်းထောင်ချီလျက် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် မျိုးရိုးဂုဏ်ရှိန် ထည်ဝါမြင့်မားစွာ ရပ်တည်ခဲ့သည့် မြန်မာနိုင်ငံတော်ကြီးကို သူ့ကျွန်ဘဝသို့ နှစ်ပေါင်းတစ်ရာကျော် ကျရောက်စေခဲ့သည်ကို သမိုင်းသင်ခန်းစာအဖြစ် အစဉ်အမှတ်ရ နေကြရမည်ဖြစ်ပါသည်။

သူ့ကျွန်ဘဝတွင်လည်း ကိုလိုနီနယ်ချဲ့တို့က ပြည်ထောင်စုကြီးကို အစိတ်စိတ် အမွှာမွှာ စိတ်ပိုင်းကာ သွေးခွဲအုပ်ချုပ်ပြီး နယ်မြေဒေသ တစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွာဟလာစေရန်၊ ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း သံသယပွား စိတ်ဝမ်းကွဲပြားလာစေရန် ရည်ရွယ်ချက်ရှိရှိ စီမံဆောင်ရွက်ခဲ့ကြပြီး နောင်ခေတ်အဆက်ဆက် တိုင်းပြည်အေးချမ်းတည်ငြိမ်မှု မရှိအောင်၊ တိုင်းတစ်ပါးအပေါ် ပြန်လည် မှီခိုလာရအောင် လူမျိုးရေးသွေးခွဲမှုများ အပါအဝင် အခက်အခဲ အကျပ်အတည်း ပြဿနာပေါင်းစုံကို ဖန်တီးခဲ့ကြပါသည်။ ထိုအကျိုးဆက်ကြောင့် လွတ်လပ်ရေးရရှိပြီး နှစ်ပေါင်း(၄၀)ကျော်ကြာ လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားရခြင်း၊ ပြည်ထောင်စုကြီးပြိုကွဲလု အခြေအနေသို့ သုံးကြိမ်တိုင်တိုင် ရောက်ရှိခဲ့ရခြင်းအပါအဝင် ကိုလိုနီနယ်ချဲ့တို့ ဖန်တီးခဲ့သည့် သမိုင်းကြောင်း ဆိုးမွေများကို ယနေ့ထက်တိုင် ရင်ဆိုင်ဖြေရှင်းနေရဆဲ ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်လိုသည့် နိုင်ငံကြီး အချို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေရန်၊ လက်နက်ကိုင်ပဋိပက္ခများ ပြန်လည်ပေါ်ပေါက်စေရန် လူမျိုးရေး သွေးခွဲသပ်လျှိုမှုများ လုပ်ဆောင်နေသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်မှုအရှိန်အဟုန် နှောင့်နှေးကြန့်ကြာစေရန် စီးပွားရေး ပိတ်ဆို့ ဟန့်တားမှုများ၊ နိုင်ငံရေးအရ လှုံ့ဆော်သွေးထိုး စွက်ဖက်နှောင့်ယှက်မှုများ လုပ်ဆောင်လျက်ရှိသည်ကို အမျိုးသားရေးသတိဖြင့် ရှုမြင်ကြရန် လိုအပ်ပါသည်။

ချစ်ကြည်လေးစားအပ်သော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား–

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် သမိုင်းကြောင်း သင်ခန်းစာများကို ရယူလျက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ချမှတ်လျက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားကို အခိုင်အမာ ပြန်လည်တည်ဆောက်နိုင်ခဲ့သည်နှင့်အညီ ယနေ့အချိန်အခါတွင် ပြည်ထောင်စုကြီးအတွင်း လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် နယ်စပ်ဒေသများပါမကျန် တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းမှု၊ ပေါင်းစည်းညီညွတ်မှု အခြေခံကောင်းများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်စုံဖွံ့ဖြိုးတိုးတက်မှု အခြေခံ ကောင်းများ ရရှိဖြစ်ထွန်းနေသည်ကို မျက်ဝါးထင်ထင်တွေ့မြင် နေရပြီဖြစ်ပါသည်။

ယင်းအခြေခံကောင်းများကို အရင်းတည်၍ တစ်မျိုးသားလုံး လိုလားတောင်းတအပ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကာ အဓိကအကျဆုံးနှင့်ပထမဆုံးသော လုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်အများစုပါဝင်ပြီး အောင်အောင်မြင်မြင် ကျင်းပလျက်ရှိနေပြီလည်း ဖြစ်ပါသည်။

ထို့ကြောင့် ဗြဟ္မစိုရ်တရား၊ လောကပါလတရားတို့ကို အခြေခံလျက် လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူရည်တူရှိမှု၊ တရားဥပဒေစိုးမိုးမှု အခြေခံကောင်းများ နိုင်ငံတော်အတွင်း ဆက်လက်ဖြစ်ထွန်းလာစေရေးကိုလည်းကောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအကြား ငြိမ်းချမ်းသာယာမှု၊ နှလုံးစိတ်ဝမ်းတူညီမှု၊ ပေါင်းစည်းခိုင်မြဲမှု အစဉ်အလာကောင်းများ အစဉ်ထာဝရ ထွန်းကား ပြန့်ပွားလာစေရေးကို လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့် အကျိုးရလဒ်ကောင်းများကို ပြည်ထောင်ဖွား တိုင်းရင်းသားလူမျိုးများအားလုံး မျှတစွာ ခွဲဝေခံစားနိုင်ကြစေရေးကိုလည်းကောင်း အာမခံနိုင်မည့် တိုင်းရင်းသားလူမျိုးများ ကိုယ်တိုင် ပါဝင်ရေးဆွဲသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာတော့မည့် အလားအလာကောင်းများလည်း တွေ့မြင်နေရပြီဖြစ်ပါသည်။

ယင်းသို့သော အခြေအနေအချိန်အခါကောင်းတွင် ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်လည်းဖြစ်ပြီး အမျိုးသားရေးအားမာန်လည်းဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပိုမိုတိုးတက် ထွန်းကားပြန့်ပွားပြီး ရင့်သန်ခိုင်မာလာစေရန် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် အခြေခံဖြင့် ကြိုးပမ်းစွမ်းဆောင်သွားကြရမည် ဖြစ်ပါသည်။

အဓိကအားဖြင့်**“ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။ ပြည်ထောင်စုစိတ်ဓာတ်သည် သာလျှင်တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်”** ဟူသော ခံယူချက်သည် တိုင်းရင်းသားတိုင်း၏ နှလုံးအိမ်တွင် အစဉ်သဖြင့် ကိန်းအောင်းနေရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ထာဝစဉ်မွေးမြူလျက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အချိန်နှင့်တစ်ပြေးညီရင့်သန်ခိုင်မာနေအောင် အားထုတ်ကြိုးပမ်းရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေးအတွက် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ ဖြစ်သော–

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

တို့ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ခိုင်မာသော သန္နိဋ္ဌာန်စိတ်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်သွားကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။

ဟောင်ကောင်ရှိ အရောင်းစင်တာတစ်ခု၌ သလင်းကျောက်များဖြင့် ပြုလုပ်ထားသော **ရောမနှင်းဆီပန်းပွင့်ကြီးကို ဖေဖော်ဝါရီ ၉ရက်က တွေ့ရစဉ်။** (ယင်းနှင်းဆီပန်းပွင့်ကြီးကို သလင်းကျောက်ပုံဆောင်ခဲပေါင်း ၁၃၉၉၉၉ဖြင့် ပြုလုပ်ထားခြင်းဖြစ်ပြီး ကုန်ကျစရိတ်မှာ ဟောင်ကောင်ဒေါ်လာ တစ်သန်း (အမေရိကန်ဒေါ်လာ ၁၃၀၀၀၀)ကုန်ကျခဲ့ကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

ကုန်ကျစရိတ်သက်သာသည့်အုတ်ချပ်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တီထွင်ထုတ်လုပ်

ဒါကာ ဖေဖော်ဝါရီ ၁၀

ဘင်္ဂလားဒေ့ရှ်သုတေသနပညာရှင်များက အသစ်တီထွင်ထုတ်လုပ်လိုက်သော အုတ်ချပ်များသည် ထုတ်လုပ်မှုကုန်ကျစရိတ်များကို သိသိသာသာ သက်သာစေနိုင်ပြီး စက်မှုဆိုင်ရာ ညစ်ညမ်းမှုများမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပတ်ဝန်းကျင်ကိုလည်း ကာကွယ်ပေးနိုင်ကြောင်း ဒေသထုတ် နေ့စဉ်သတင်းစာ သည်ဒင်ဒီပင့်ဒင့်က ဖေဖော်ဝါရီ ၉ရက်၌ ဖော်ပြသည်။

အဆိုပါ သဲအုတ်ချပ်ကိုဟိုက်ဒရောလစ် ဖိအားစက်ဖြင့် ထုတ်လုပ်နိုင်ကြောင်း၊ ယင်းစက်တစ်လုံး၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၆၀ဖြစ်ကြောင်း နှစ်မိနစ်အတွင်း သဲအုတ်ချပ်နှစ်ချပ် ထုတ်လုပ်ပေးနိုင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

ပြောကြား

ယင်းအုတ်ထုတ်လုပ်သည့် စက်များကို လျှပ်စစ်မသုံးဘဲ ထုတ်လုပ်နိုင်ကြောင်း ဘင်္ဂလားဒေ့ရှ် သုတေသနဌာနမှညွှန်ကြားရေးမှူး ဒေါက်တာကော်ဘန်က ပြောကြားသည်။

ထုတ်လုပ်ပေး

အုတ်ချပ်တစ်ချပ်၏ ထုတ်လုပ်မှုကုန်ကျစရိတ်မှာ ကာတာငွေ ၁ဒသမ ၂နှင့် ၁ဒသမ၄အကြား (အမေရိကန်ဒေါ်လာ ၁ဒသမ ၈၅နှင့် ၂ဒသမ ၁၅ ဆင့်)သာကုန်ကျပြီး ရှစ်နာရီအတွင်း သဲအုတ်ချပ်ပေါင်း ၁၀၀၀ထုတ်လုပ်ပေးနိုင်ကြောင်း အဆိုပါ ညွှန်ကြားရေးမှူးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ပြည်တွင်းဓာတ်ငွေ့သုံးစွဲမှုကို ဦးစားပေးရန် အင်ဒိုနီးရှားသမ္မတ စွမ်းအင်စည်းမျဉ်းအသစ်ထုတ်ပြန်

ဂျကာတာ ဖေဖော်ဝါရီ ၁၀

အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုက ပြည်တွင်းဓာတ်ငွေ့သုံးစွဲမှုကို ဦးစားပေးသတ်မှတ်ရန် သမ္မတ၏ စွမ်းအင်ဆိုင်ရာ စည်းမျဉ်းအသစ်ကို ထုတ်ပြန်လိုက်ကြောင်း ဒေသထုတ်သတင်းစာတစ်စောင်က ဖေဖော်ဝါရီ ၈ရက်၌ ဖော်ပြသည်။

ယင်းစွမ်းအင်ဆိုင်ရာ စည်းမျဉ်းအသစ်ကို ဝန်ကြီးအဖွဲ့အစည်းအဝေးက လောင်စာဆီကို မှီခိုခြင်းအား လျှော့ချပြီး ဓာတ်ငွေ့သုံးစွဲမှုကို အလေးအနက်ထား ဆောင်ရွက်ရန် စည်းဝေးခဲ့ပြီးနောက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ပိုမိုဖြန့်ဖြူး

ယင်းစည်းမျဉ်းအသစ်ထုတ်ပြန်ခဲ့ခြင်းနှင့်အတူ အစိုးရက ပြည်တွင်းဈေးကွက်သို့ သဘာဝဓာတ်ငွေ့များ ပိုမို ဖြန့်ဖြူးပေးမည် ဖြစ်ကြောင်း စွမ်းအင်နှင့် ဓာတ်သတ္တုအရင်းအမြစ်ဝန်ကြီး ပါမိုနိုယူဂျီယန်တိုရိုက ပြောကြားသည်။

တည်ဆောက်ထား

ယင်းမူဝါဒအသစ်အရ အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ဓာတ်ငွေ့ပိုက်လိုင်းကို ဦးစားမပေးနိုင်သေးကြောင်း၊ ယခုအချိန်အထိ ပိုက်လိုင်းကွန်ရက်ကိုတည်ဆောက်ထားကြောင်း ဖြင့်လည်း ၎င်းက ပြောကြားသည်။

တင်ပို့ရောင်းချ

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ဈေးအကြီးဆုံးဓာတ်ငွေ့အရန်၁၈၈ဒသမ၃၄ထရီလီယံ ကုဗပေရှိပြီး ဂျပန်ကဲ့သို့ အဓိက စီးပွားရေးလုပ်ငန်းများသို့ သဘာဝဓာတ်ငွေ့အရည်အများဆုံး ပေးပို့နေသော နိုင်ငံဖြစ်သည်။ လောလောဆယ်တွင် အင်ဒိုနီးရှားနိုင်ငံသည်၎င်း၏ပြည်တွင်း သဘာဝဓာတ်ငွေ့ နှစ်စဉ်ထုတ်လုပ်မှု၏ ၄၄ရာခိုင်နှုန်းကို တင်ပို့ရောင်းချလျက်ရှိသည်။

ဖော်ပြ

သမ္မတ ယူဒိုယိုနို၏ ထုတ်ပြန်ကြေညာချက်တွင် ဇီဝဒီဇယ်များ ထုတ်လုပ်ရေးနှင့် စွမ်းအင်အရင်းအမြစ်ကို ပြုပြင်ပြောင်းလဲထားသည့် ကျောက်မီးသွေး အရည်ထုတ်လုပ်သုံးစွဲရေး တိုးတက်အောင်မြင်အောင် ဆောင်ရွက်ရန်လည်း ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

စွယ်စုံသုံး အိန္ဒိယတိုက်လေယာဉ်၆၇စင်း ရုရှားကုမ္ပဏီက အဆင့်မြှင့်တင် ထုတ်လုပ်ပေးမည်

နယူးဒေလီ ဖေဖော်ဝါရီ ၁၀

အိန္ဒိယနိုင်ငံမှ အမ်အိုင်ဂျီ-၂၉ဟု အမည်ပေးထားသော စွယ်စုံသုံး တိုက်လေယာဉ်အစင်း ၆၇စင်းကို ရုရှားနိုင်ငံ၏ ကုမ္ပဏီတစ်ခုဖြစ်သော အာအက်စ်ကေ-အမ်အိုင်ဂျီက အမေရိကန် ဒေါ်လာသန်း ၈၈၈သန်းဖိုး ပြုပြင်မွမ်းမံထုတ်လုပ်ပေးမည်ဖြစ်ကြောင်း အင်ဒို-အာရှနယူးစ်ဆားဗစ်က ဖေဖော်ဝါရီ ၈ရက်၌ ဖော်ပြထားသည်။

စီစဉ်ထား

အဆိုပါ အစီအစဉ်သည် အိန္ဒိယလေတပ် (အိုင်အေအက်ဖ်)၏ ကာလရှည် စီမံကိန်း အစိတ်အပိုင်းဖြစ်ပြီး ၎င်းတိုက်လေယာဉ်များကို ခေတ်မီအောင်လာမည့် ဆယ်စုနှစ်ကျော် ကာလအတွင်း ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

သဘောတူညီ

ယင်းအစီအစဉ်ကို ၂၀၀၅-၂၀၀၆ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက သဘောတူညီခဲ့ပြီး အမ်အိုင်ဂျီ-၂၉ ဂျက်လေယာဉ်များကို အဆင့်မြှင့်တင်ရန် နှစ်နှစ်ရှေ့ဆိုင်းခဲ့ရကြောင်း၊ ၎င်းကို ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှစတင်ဆောင်ရွက်ကာ လေးနှစ်အကြာတွင် ပြီးစီးမည်ဖြစ်သည်။

အဆင့်မြှင့်တင်

အဆိုပါ အဆင့်မြှင့်တင်ထုတ်လုပ်ထားသော တိုက်လေယာဉ်များသည် ၁၀နှစ်မှ ၁၅နှစ်အတွင်း ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း၊ ၎င်းလေယာဉ်များကို လက်နက်နှင့် ရေဒါအသစ်များ တပ်ဆင်ပေးမည်ဖြစ်ပြီး လေထဲတွင် ဆီဖြည့်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်၌ လေယာဉ်မှူးလောင်းများ အရပ်ဘက်တက္ကသိုလ်များမှ ပထမဆုံးခေါ်ယူ

ပေကျင်း ဖေဖော်ဝါရီ ၁၀

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်၏ လေတပ်က ပထမဆုံး အကြိမ်အဖြစ် အရပ်ဘက် သိပ္ပံနှင့် အင်ဂျင်နီယာတက္ကသိုလ်များမှ ဒုတိယနှစ် ကျောင်းသားများကို လေယာဉ်မှူးနေရာ ၄၀အတွက် လျှောက်လွှာခေါ်ယူထားသည်။

ယင်းလေယာဉ်မှူးလောင်းများကို တရုတ်နိုင်ငံ တစ်ဝန်းရှိ အရပ်ဘက်တက္ကသိုလ် ၁၇၈ခုမှ ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ဇူလိုင်လတွင် စိစစ်ရွေးချယ်မှုကို အပြီးပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

လျှောက်ထား

လျှောက်ထားသူများသည်အမျိုးသားများသာဖြစ်ပြီး အိမ်ထောင်မရှိ အသက် ၂၂နှစ်အောက်ဖြစ်ရမည်ဖြစ်ကြောင်း၊ အရပ်အမြင့် ၁ဒသမ ၆၅မီတာနှင့် ၁ဒသမ ၈၅မီတာအကြား ဖြစ်ရမည်ဖြစ်ပြီး မျက်မှန်တပ်ဆင်သူများ လျှောက်ထားရန် မလိုအပ်ကြောင်း သိရသည်။

လွှဲပြောင်း

အရွေးခံရသော လေယာဉ်မှူးလောင်း ၄၀အား အဆိုပါ လေတပ်သို့ လွှဲပြောင်းပေးကာ နှစ်နှစ်ကြာ လေယာဉ်မောင်းသီအိုရီ၊ ယဉ်ကျေးမှုနှင့် ပျံသန်းရေးနည်းပညာသင်တန်းများ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း လေတပ်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ဆူအိဂူရှန်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့ တောင်ပိုင်း ရှာဝါမြို့ရှိ လက်နက်ရုံ အပြင်ဘက်၌ လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို ဖေဖော်ဝါရီ ၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နှစ်နိုင်ငံကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ကြရန် အိန္ဒိယသမ္မတက တောင်ကိုရီးယား လုပ်ငန်းရှင်များအားပြောကြား

ဆိုးလ် ဖေဖော်ဝါရီ ၁၀

ဒေသတွင်းအဓိကကျသော စီးပွားရေးလုပ်ငန်းများအပါအဝင် ပန်အာရှလွတ်လပ်သော ကုန်သွယ်ရေးနယ်မြေတစ်ရပ်ထူထောင်ရန် မိမိတို့အစိုးရအနေဖြင့် ဆန္ဒရှိကြောင်း တောင်ကိုရီးယားနိုင်ငံသို့ အလည်အပတ်ခရီး ရောက်ရှိနေသော အိန္ဒိယနိုင်ငံသမ္မတအဗ္ဗဒူလ်ကာလမ်က တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖေဖော်ဝါရီ ၇ရက်က တွေ့ဆုံစဉ် ပြောကြားလိုက်သည်။ နယူးဇီလန်၊ ဩစတြေးလျ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနှင့် အိန္ဒိယတို့အပါအဝင် နိုင်ငံများတွင် ပန်အာရှလွတ်လပ်သော ကုန်သွယ်ရေး နယ်မြေစတင်ထူထောင်မှုကဲ့သို့သော အရှေ့ကို မျှော်ကြည့်ခြင်းမူဝါဒကို မိမိတို့ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း အိန္ဒိယသမ္မတ အဗ္ဗဒူလ်ကာလမ်က ထပ်မံ ပြောကြားသည်။

ဖွံ့ဖြိုးတိုးတက်

ပန်အာရှလွတ်လပ်သော ကုန်သွယ်ရေးနယ်မြေ စတင်ထူထောင်ရန် ဒေသအတွင်း အခြားသော နိုင်ငံများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် မိမိတို့အိန္ဒိယနိုင်ငံက ဆန္ဒရှိနေကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ထိုသို့ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ပါက ဒေသအတွင်းရှိ နိုင်ငံများနှင့် နယ်မြေဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သည်ဟု မစ္စတာကာလမ်က ပြောကြားသည်။

တွန်းအားပေး

ထို့အပြင် အိန္ဒိယနှင့် တောင်ကိုရီးယားနှစ်နိုင်ငံအကြား အမျိုးမျိုးသော ကဏ္ဍပေါင်းစုံတွင် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းဆော်ဩလိုက်သည်။ အိန္ဒိယနှင့် တောင်ကိုရီးယား နှစ်နိုင်ငံအနေဖြင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားသော စီးပွားရေးနယ်ပယ်များစွာတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး တွန်းအားပေးလုပ်ဆောင်ကြရန် အကောင်းဆုံးအချိန်ဖြစ်ကြောင်းလည်း ၎င်းက ထပ်မံပြောကြားသည်။

အိန္ဒိယသမ္မတ အဗ္ဗဒူလ်ကာလမ်သည် လွန်ခဲ့သော ၁၉၇၃ခုနှစ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် အချိန်မှစတင်ကာ တောင်ကိုရီးယားနိုင်ငံသို့ ပထမဆုံးလာရောက်သည့် အိန္ဒိယသမ္မတတစ်ဦး ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား မိသားစုအသွင်ဖြင့်ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်ရှိ နေအိမ်၌ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား မိသားစုအသွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(ဓါတ်ပုံ)**

ညစာစားပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး မိသားစုအသွင် ဂုဏ်ပြုညစာကို အတူ သုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များက ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးတို့အား ဒေသထွက် လက်ဆောင်ပစ္စည်းများ ဂါရဝပြု ပေးအပ်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ခုနှစ် တပို့တွဲလပြည့်နေ့
၁၂-၂-၂၀၀၆(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၈:၀၀ ၂။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၃။ International News
- ၈:၄၅ ၄။ Say it in English
- ၉:၀၀ ၅။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၅ ၄။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"Doraemon"**
- ၁၂:၀၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **"ပိုင်နိုင်ခိုင်မြဲအောင်"** ခန့်စည်သူ၊ ထွန်းထွန်းဝင်း၊ ထင်ပေါ်၊ မျိုးစန္ဒီကျော်၊ ငွေစင်ထွန်း၊ သူသူဟံသာ (ဒါရိုက်တာ-သက်တင်)
- ၁၂:၄၀ ၆။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၂:၅၅ ၇။ အကပြိုင်ပွဲ
- ၁၃:၁၀ ၈။ ပေါင်းစည်းအင်အား ဧရာဝတီမြစ်ကူးတံတားများ
- ၁၃:၂၀ ၉။ အဆိုပြိုင်ပွဲ
- ၁၃:၃၅ ၁၀။ ကံတင်ဘီးလင်းရေလှောင်တမံ
- ၁၃:၅၀ ၁၁။ အတီးပြိုင်ပွဲ
- ၁၄:၁၅ ၁၂။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-မင်းအုပ်စိုး)
- ၁၄:၄၅ ၁၃။ International News
- ၁၅:၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) [ရက္ခဗေဒ]
- ၁၇:၀၀ ၅။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
- ၁၇:၁၀ ၆။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၂၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အသည်းနှလုံးနဲ့လူသား"** (အပိုင်း-၁၀)
- ၁၉:၃၅ ၁၁။ လောင်စာစွမ်းအင်အသုံးဝင် ခြံစည်းရိုးကြက်ဆူပင် (ကြက်ဆူရိုင်းမှ ဘိုင်အိုဒီဇယ်)
- ၁၉:၄၅ ၁၂။ **"ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ"** (စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်)
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း-၂၂)
- ၁၇။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၂-၂၀၀၆ (တနင်္ဂနွေနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ အသိဉာဏ်ပေးစိတ်ငြိမ်အေး (ဓမ္မဒူတ အရှင်ဆေကိန္ဒ ဟောကြားတော်မူသော ယဉ်ကျေးရင် အမြင်အေးပါတယ်) (အပိုင်း-၁)
- ၇:၂၀ တေးဂီတအစီအစဉ်
- ၇:၂၅ တိုင်းရင်းသားတို့အလှ စည်းလုံးခြင်းအက
- ၇:၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၇:၅၅ မိသားစုတနင်္ဂနွေ (တိုင်းရင်းသား ကျေးရွာ)
- ၈:၂၀ တေးဂီတအစီအစဉ်
- ၈:၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၈:၃၀ နည်းစနစ်မှန်မှန် ကော်ဖီစိုက်ပျိုးရန်
- ၈:၅၀ တေးဂီတအစီအစဉ်
- ၈:၅၅ ဆီးချို၊ သွေးချိုရောဂါအကြောင်း ဟောပြောချက် (အပိုင်း-၃)
- ၉:၁၅ မိုးလေဝသခန့်မှန်းချက်
- ၉:၂၀ Sunday Talk
- ၁၀:၁၀ တေးဂီတအစီအစဉ်
- ၁၀:၁၅ သာမဏေကျော် စာတော်ပြန်ပွဲ
- ၁၀:၂၀ တေးဂီတအစီအစဉ်
- ၁၀:၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၄၅ ပြည်တွင်းထုတ်ကုန် ထုတ်လုပ်စို့ မြန်မာ့ဓာတ်ဆားမှုန့်
- ၁၀:၅၀ တေးဂီတအစီအစဉ်
- ၁၀:၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၀၀ Myanmar Video Rhythm
- ၁၁:၄၅ တေးဂီတအစီအစဉ်
- ၁၁:၅၀ ကရင်ရိုးရာ ဝတ်စားဆင်ယင်မှု
- ၁၁:၅၅ တေးဂီတအစီအစဉ်
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၇:၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports (Live)
၇:၅၅	Sunderland-Tottenham	5-Sports (Live)
၁၀:၂၅	Man:City-Charlton	5-Sports (Live)
၁၂:၃၀	Final Score	5-Sports (Live)

Series-A ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၈:၃၀	Livorno-Fiorentina	5-Cartoons (Live)
၂:၀၀	Inter Milan-Juventus	5-Sports (Live)

သွေးလှူဒါန်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မြောက်ဥက္ကလာပမြို့နယ် (၂) ရပ်ကွက် မူလဓမ္မရက္ခိတစာသင်တိုက် ပဓာနနာယက မဟာသဒ္ဓမ္မဇောတိက ဓဇ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဘဒ္ဒန္တ သေဋ္ဌိလာဘိဝံသ ဦးဆောင်၍ တပည့်သံဃာတော်များ၊ဒါယကာဒါယိကာမများ စုပေါင်း၍ ဖေဖော်ဝါရီ၁၃ရက် မွန်းတည့် ၁၂ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ သွေးလှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံ၌ ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာထုတ်လုပ်နိုင်ပြီ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၅ရက်က ပြင်ဦးလွင်မြို့သို့ ရောက်ရှိစဉ် ကချင်ပြည်နယ်၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာတွင်-

'တိုင်းနှင့်ပြည်နယ်တစ်ခုစီတွင် ခြံစည်းရိုးကြက်ဆူပင်ဧကငါးသိန်းစီ သုံးနှစ်အတွင်းစိုက်ပျိုးရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဧကခုနစ်သန်းစိုက်ပျိုးရန်' လမ်းညွှန်မှာကြားခဲ့သည်။

ခြံစည်းရိုးကြက်ဆူပင်များသည် ရှေးယခင်ကာလများကတည်းက ရပ်ရွာဒေသဝန်းကျင်များတွင် မည်သူမျှ ဂရုတစိုက်ပြုစုပျိုးထောင်ခြင်းမရှိဘဲ အလေ့ကျပေါက်ရောက်နေသော အပင်များဖြစ်သည်။ ယင်းတို့၏ အကျိုးသက်ရောက်မှုကို ယခင်က စနစ်တကျလေ့လာခဲ့ခြင်းမရှိ၍ သာမန်အပင်အဖြစ်သာ ဒေသခံပြည်သူများက အမှုမဲ့အမှတ်မဲ့သဘောထားခဲ့ကြသည်။

မြန်မာ့မြေတွင်ရှင်သန်ဖြစ်ထွန်း

နိုင်ငံ့အတွက်၊ ဒေသအတွက်နှင့် တိုင်းရင်းသားပြည်သူများအတွက် အမှန်တကယ်အကျိုးပြုသော ခြံစည်းရိုးကြက်ဆူပင်များသည် မူလကတည်းက မြန်မာနိုင်ငံ၏ ရေ၊ မြေသဘာဝနှင့် ကိုက်ညီသည့် အပင်ဖြစ်သည်။ ပူပြင်းခြောက်သွေ့ပြီး စွတ်စိုသော သမပိုင်းဒေသဖြစ်သည့် မြန်မာ့မြေတွင် ရှင်သန်ဖြစ်ထွန်းသည်။

အဖိုးတန်အကျိုးများသည့် ခြံစည်းရိုးကြက်ဆူပင်ကို မြန်မာနိုင်ငံ အပူပိုင်းဒေသများဖြစ်သော မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့်မကွေးတိုင်းတို့တွင် ယာမြေ၊နေအိမ်၊ ကျေးရွာများ၌ ခြံစည်းရိုးအပင်များအဖြစ်သာ စိုက်ပျိုးခဲ့ရာမှ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ကြက်ဆူဆီ (ဇီဝဒီဇယ်ဆီ)များ ထုတ်လုပ်နိုင်ရန် ပြည်နယ်နှင့်တိုင်းဒေသအနှံ့တွင် အင်တိုက်အားတိုက် စိုက်ပျိုးနေကြပြီ ဖြစ်သည်။

စိုက်ဧကပြည့်မီကျော်လွန်ရေး

နိုင်ငံတစ်ဝန်းတွင် မည်သည့်ဒေသတွင်မဆို စိုက်ပျိုးရန်လွယ်ကူခြင်း၊ ရှင်သန်ဖြစ်ထွန်းနိုင်ခြင်းတို့ကြောင့် ပြည်နယ်နှင့်တိုင်းအလိုက် သတ်မှတ်စိုက်ဧက ပြည့်မီကျော်လွန်ရန် တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်း၊ စိုက်ကွက်များ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးခြင်းစသည်ဖြင့် စိုက်ဧကသန်းပေါင်းများစွာ ဖြစ်ထွန်းလာမည်ဖြစ်သည်။

သာဓကအားဖြင့် မန္တလေးတိုင်း ညောင်ဦးခရိုင်တစ်ခုတည်းတွင် ယခင်ကတည်းက အပင်ပေါင်း ငါးသိန်းခန့် ပေါက်ရောက်လျက်ရှိပြီး ယင်းမှမျိုးကိုင်း ၂၈၅၀၀၀၀ ထပ်မံရရှိမည်ဖြစ်ရာ စိုက်ဧက သုံးသောင်း ထပ်မံဖြစ်ထွန်းလာမည် ဖြစ်ပေသည်။ ။

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

လှည်းကူးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သုတေသနဝင်း အတွင်း၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးနေမှုကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

✳ ရှေ့ဖုံးမှ

တိပိဋကကောဝိဒဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းမှ ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် စုစုပေါင်း ၄၅ပါးတို့ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အမှူးပြုသော ပရိသတ်တို့ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ပဉ္စမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချမင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ် မှူး ကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဆွမ်းဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဆီမီး၊ ပန်း၊ ရေချမ်း၊ ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များဖြင့် ဆက်ကပ်လှူဒါန်းပူဇော် ဖူးမြော်ကန်တော့ကြသည်။

ဖိတ်ကြားလျှောက်ထား

ထို့နောက် ရေစက်ချမင်္ဂလာအခမ်းအနားကို နံနက်ဂုနာရီခွဲတွင် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူသည့် ဂန္ဓကုဋိကျောင်းတော်ကြီး၌ ကျင်းပရာ အကြိပေးပုဂ္ဂိုလ် ဦးအံ့မောင်က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး ရှေးဦးစွာ အခမ်းအနားအစီအစဉ်များကို ဖိတ်ကြားလျှောက်ထားသည်။ **စာမျက်နှာ ၇ ကော်လံ ၁**

12-2 (06).p65 1 3/24/1905, 8:23 PM

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် ဘဒ္ဒန္တသြသဓာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၆ မှ

ယင်းနောက် ရေစက်ချမင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့အမှူးပြုသော ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့ နိုင်ငံတော် သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာတော် ၁၀၈ပါးတို့အား ဆွမ်းသပိတ်တော်လောင်းလှူစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာတော် ၁၀၈ပါးတို့အား ဆွမ်းသပိတ်တော် လောင်းလှူစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း တို့ နိုင်ငံတော် သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် ကြီးများ အမှူးပြုသော ပင့်သံဃာတော် ၁၀၈ပါး တို့အား ဆွမ်းသပိတ်တော် လောင်းလှူစဉ်။
(သတင်းစဉ်)

အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြသဓာဘိဝံသထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာတော် ၁၀၈ပါးတို့အား ဆွမ်းသပိတ်တော် လောင်းလှူစဉ်။
(သတင်းစဉ်)

လှူဖွယ်ပစ္စည်းများဆက်ကပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်မြို့ ဃောသိတာရာမကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မဟာနန္ဒိသေနာရာမကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိယာဘိဝံသထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

လှူဖွယ်ပစ္စည်းများလှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က နိုင်ငံတော်သြဝါဒါစရိယ ဗဟန်းမြို့နယ် သီရိမင်္ဂလာစံကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တရာဇိန္ဒာဘိဝံသထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

သမိုင်းအစဉ်အလာကောင်းများဖြစ်ထွန်းခဲ့သော ပြည်ထောင်စုစိတ်ဓာတ်

အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်....။

ကိုလိုနီနယ်ချဲ့တို့က မြန်မာတို့အားစိတ်ဝမ်းကွဲပြားအောင် နည်းမျိုးစုံဖြင့် ကြိုးစားနေကြသည့်ကြားမှ ခက်ခက်ခဲခဲရယူခဲ့ရသည့် တိုင်းရင်းသားတို့၏စည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကို မှတ်ကျောက်အသွင် ပီပီပြင်ပြင် ဖော်ထုတ်ပြသနိုင်ခဲ့သောနေ့ဖြစ်သည်။ ထိုနေ့မှစတင်၍ ရေတွက်သော် ဖေဖော်ဝါရီ၁၂ရက်(ယနေ့)၌ (၅၉)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပြည်နယ်၊ ပြည်မ တောင်တန်းဒေသ အသီးသီးရှိ တိုင်းရင်းသားကိုယ်စားလှယ်တို့ ပင်လုံမြို့၌ တိုင်းရင်းသား ညီအစ်ကိုအားလုံး တစ်စိတ်တစ်ဝမ်းတည်းဖြစ်ကြောင်း ပြသနိုင်ခဲ့သဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နိုင်ခဲ့ပေသည်။

တိုင်းရင်းသားညီအစ်ကိုများ တစုတစည်းတည်း ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့သဖြင့် လွတ်လပ်ရေးကို ရယူနိုင်ခဲ့ရာတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်ကြောင်း သမိုင်းကြောင်းက သက်သေထင်ရှား ပြသနိုင်ခဲ့သည်။ မြန်မာ့သမိုင်းတွင် ပုဂံခေတ် ပထမမြန်မာနိုင်ငံတော်၊ တောင်ငူခေတ် ဒုတိယမြန်မာနိုင်ငံတော်၊ ကုန်းဘောင်ခေတ် တတိယမြန်မာနိုင်ငံတော်အဖြစ် အင်အားတောင့်တင်းခိုင်မာသော နိုင်ငံတော်များကို ထူထောင်ခဲ့ကြရာတွင် တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို အခြေခံခဲ့ကြောင်း တွေ့ကြရမည်ဖြစ်သည်။

ထိုခေတ်သုံးခေတ်တွင် မျိုးချစ်စိတ်ဓာတ်ကို အခြေခံကာ နိုင်ငံတော်ကို ထူထောင်ခဲ့ကြသဖြင့် စည်းလုံးညီညွတ်မှု၊ စီးပွားရေးကောင်းမွန်မှုနှင့် ကာကွယ်ရေးအင်အား ခိုင်မာတောင့်တင်းမှုများကို အထင်အရှား တွေ့မြင်ရမည်ဖြစ်သည်။ ထို့အပြင် လူ့ကျင့်ဝတ်နှင့် အမျိုးသားရေးစိတ်ဓာတ် ခိုင်မာရင့်ကျက်သူများဖြစ်ပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုစည်းညီညွတ်မှုလည်း ရှိခဲ့ကြသည်။

ထိုခေတ်က နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရာတွင်လည်းကောင်း၊ နိုင်ငံတော်ကိုပြုပြင်တည်ဆောက်ရာတွင်လည်းကောင်း၊စည်းလုံးညီညွတ်မှုတွင်လည်းကောင်း အံ့ဖွယ်ကောင်းအောင် စုစုစည်းစည်းရှိခဲ့ခြင်းသည် နိုင်ငံတော်အရေးနှင့် ကြုံလာလျှင် တစ်စိတ်တစ်ဝမ်းတည်း ရှိခဲ့ကြသော တိုင်းရင်းသားညီအစ်ကိုများ၏ ပြည်ထောင်စုစိတ်ဓာတ်ကြောင့်ပင် ဖြစ်ပေသည်။

သမိုင်းကြောင်းအစဉ်အလာကြီးမားသည့် မြန်မာတို့၏ အစဉ်အလာကောင်းများကို နိုင်ငံသားတိုင်းသိရှိရန် အရေးကြီးပေသည်။ အမျိုးကို ချစ်မြတ်နိုးရန်၊ နိုင်ငံတော်ကို ချစ်မြတ်နိုးရန်နှင့် စည်းလုံးညီညွတ်သော စိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်မှာ နိုင်ငံသားတိုင်း၏တာဝန်ဖြစ်ပေသည်။

မျက်မှောက်ကာလ၌ နိုင်ငံတော်သည် တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးပြီး စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီးဖြစ်လာစေရန် တည်ဆောက်ပေးလျက်ရှိသည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ရပ်ပေါ်ထွန်းလာစေရေး အရှိန်အဟုန်ဖြင့် နေ့မအား ညမနား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် တိုင်းရင်းသားများအတူတကွ စုစုစည်းစည်း ပါဝင်ကြရန် လိုအပ်ပေသည်။ တိုင်းရင်းသားအားလုံး စုစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်မည်ဖြစ်သည်။ တိုင်းရင်းသားအားလုံးသည် မိမိနိုင်ငံတော်နှင့် မိမိနိုင်ငံတော် အကျိုးစီးပွား တိုးတက်ခိုင်မာဖြစ်ထွန်းနေစေရန် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီး ဥမကွဲသိုက်မပျက် စွမ်းအားပြည့် ကြိုးပမ်းသွားကြရမည်ဖြစ်ပေသည်။

မောင်မောင်မြင့်ဆွေ

တစ်ဦးတစ်ယောက်ချင်းစီတွင် မျိုးချစ်စိတ်ဓာတ်ကိန်းအောင်းပြီး မြဲမြဲခိုင်ကျည်သောပြည်ထောင်စုစိတ်ဓာတ်ရှိနေကြပါလျှင် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မဏ္ဍိုင်တို့သည် အသီးအပွင့်များအဖြစ် ပေါ်ထွန်းလာမည်သာဖြစ်သည်။ ထိုသို့ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီတွင် အသိစိတ်ဓာတ် ရှိခြင်းမှသည် တိုင်းရင်းသားညီအစ်ကိုတစ်ရပ်လုံးတွင် ပျံ့နှံ့ကိန်းအောင်းစေပါက နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတွင်လည်း စွမ်းအားကြီးမားလာမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖြစ်တည်လာမှုသမိုင်းကြောင်းကိုကြည့်ပါက မိသားစုသဘောကို အခြေခံထားသော လူ့အဖွဲ့အစည်းတစ်ခု ၏ အနှစ်သာရနှင့်အညီ တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော် ပေါင်းစည်းယှက်နွယ်ပွားစီးလာခဲ့သည့် ပြည်ထောင်စုကြီးအဖြစ် တွေ့ရမည်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးတိုင်းသည် တစ်ဦးနှင့်တစ်ဦး ခွဲခြားမရသည့် မိသားစုကြီးအဖြစ် အချင်းချင်း ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်ဖြင့် အစဉ်အမြဲ လက်တွဲရပ်တည်နေကြရန်မှာ သမိုင်းကပေးသော အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်သည့်အတွက် တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားနေရေးသည် အရေးကြီးပေသည်။

ထိုသို့ ပြည်ထောင်စုအတွင်း စည်းလုံးညီညွတ်မှု၊ အမျိုးသားအကျိုးစီးပွားအတွက် တိုင်းရင်းသားညီအစ်ကိုများ စိတ်တူကိုယ်တူ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်ထောင်စုကြီးအတွင်း အစဉ်ထာဝရ ပေါင်းစည်းနေထိုင်သွားမည့်မိသားစုစိတ်ဓာတ်သည် ပြည်ထောင်စုကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်များဖြစ်ပေရာ ယင်းစိတ်ဓာတ်များ ထာဝစဉ် ရှင်သန်နေစေရန်လည်း ကြိုးပမ်းဖော်ဆောင်သွားကြရန် လိုအပ်ပေသည်။

ထို့အပြင် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ စာနာမှု၊ သည်းခံ ခွင့်လွှတ်မှု၊ အပြန်အလှန်ရိုင်းပင်းကူညီဖေးမမှုနှင့် အပြန်အလှန် မှီခိုအားထားယုံကြည်မှု စသည့် စိတ်ဓာတ်ရေးရာအခြေခံကောင်းများ ဖြစ်ထွန်းပြီး ယင်းအခြေခံကောင်းများမှ ပေါ်ထွက်လာသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်ထာဝရ ကိန်းအောင်း ထွန်းကားပြန့်ပွားနေစေရမည်ဖြစ်ပါသည်။

တိုင်းရင်းသားညီအစ်ကိုများအနေဖြင့် ပြည်ထောင်စုအတွင်း နေထိုင်သွားလာကြရင်း ပထဝီအနေအထား၊ ရေ၊ မြေ၊ ရာသီဥတုတို့ ထင်ဟပ်မှုအရ ဘာသာစကား၊ ဓလေ့စရိုက်နှင့် အသုံးအဆောင်၊ ဝတ်စားဆင်ယင်မှုများ ကွဲပြားခြားနားသော်လည်း ပင်ကိုစိတ်ရင်းတွင် တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုကဲ့သို့သော စိတ်ဓာတ်များ ကိန်းအောင်းကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အတူတကွလက်တွဲဖော်ဆောင်နေကြခြင်းမှာလည်း တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုအပေါ် အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ် ရှိနေခြင်းကြောင့်ပင် ဖြစ်သည်။

ယင်းကဲ့သို့ သန့်စင်မွန်မြတ်သည့် ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ဖြစ်ထွန်းလာစေရေးနှင့် ထာဝစဉ် ရှင်သန်ထွန်းကားရေးသည် ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားအားလုံးအတွက် အရေးကြီးသော သမိုင်းပေးတာဝန်ဖြစ်ပေရာ နိုင်ငံသားတစ်ဦးချင်းက အသိစိတ်ဓာတ်ရှိစွာ ကျင့်ကြံနေထိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

ထို့အတူ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးက တက်ညီလက်ညီ ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပေသည်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင်လည်း တိုင်းရင်းသားများအားလုံး တစ်စိတ်တစ်ဝမ်းတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပြည်ပရန်စွယ်အန္တရာယ်များကို အတူလက်တွဲ တွန်းလှန်တိုက်ဖျက်ခဲ့သည့် သာဓကပေါင်းများစွာ ရှိခဲ့ပြီးဖြစ်ပေသည်။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းတစ်ပါးတို့၏ကျူးကျော်ရန်စမှုကို စုစည်းညီညွတ်စွာ တိုက်ဖျက်ခဲ့သည့် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်တို့မှာ ပြည်ထောင်စုကြီး နိုင်ငံတကာအလယ်တွင် တင့်တယ်ဝင့်ထည်စွာ ရပ်တည်နိုင်ရေးအတွက် ကိုယ်ကျိုးစွန့်ဆောင်ရွက်ခဲ့သော အမျိုးသားရေး အားမာန်များပင်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုကြီးကို ဩဇာလွှမ်းမိုးခြယ်လှယ်လိုသော ကိုလိုနီ နယ်ချဲ့လက်သစ်များသည် ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်သဖွယ်ဖြစ်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရည်ရွယ်ချက်ရှိရှိပြင်ဆင်ကာ သပ်လျှိုဖြိုခွဲလျက်ရှိသည်။ ထိုသို့သော ပြည်ထောင်စုကြီး ပြိုကွဲစေမည့် အဖျက်အမှောင့် လုပ်ရပ်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ကာကွယ်တားဆီးသွားကြရမည် ဖြစ်ပေသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲ၍ နိုင်ငံတော်အချုပ်အခြာအာဏာဆုံးရှုံးခဲ့ရသည့် သမိုင်းဖြစ်ရပ်များ အထင်အရှားရှိခဲ့ပြီးဖြစ်သည်။ မျက်မှောက်ကာလတွင်လည်း ပြည်ထောင်စုအတွင်း စည်းလုံးညီညွတ်မှု ပျက်ပြားစေရေးအတွက် အထင်မှား၊ အမြင်မှား သံသယပွားစေပြီး တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုကင်းမဲ့စေမည့် လုပ်ဆောင်မှုများကို ပြည်ပနိုင်ငံအချို့က ဖန်တီးလုပ်ဆောင်လျက်ရှိနေဆဲပင်ဖြစ်သည်။

ကိုလိုနီနယ်ချဲ့တို့သည် တိုင်းရင်းသားအချင်းချင်း နားလည်မှုလွဲမှားကာ တကွဲတပြားဖြစ်စေရေး၊ နယ်မြေဒေသ တစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ဖြစ်ပေါ်စေရေး၊ တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းကွဲပြားစေရေးတို့ကို သမိုင်းစဉ်တစ်လျှောက် တစိုက်မတ်မတ် ပြုလုပ်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် နယ်ချဲ့၏ သွေးခွဲသပ်လျှိုမှုကို ယုံမှားမိသူအချို့ကြောင့် လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၄၀ ကျော်အကြာအထိ လက်နက်ကိုင်ပဋိပက္ခများ၊ ပြည်ထောင်စုကြီး ပြိုကွဲလုနီးဖြစ်ရပ်များနှင့် ခါးသီးစွာ တွေ့ကြုံခဲ့ရသည်ကို သတိချပ်ကြရမည်ဖြစ်ပါသည်။

ထိုသို့ သမိုင်းအတွေ့အကြုံများကို သင်ခန်းစာရယူကာ ယနေ့ပြည်ပနိုင်ငံအချို့က ကျင့်သုံးနေသည့် ကိုလိုနီ လက်သစ်ဝါဒကို အမျိုးသားရေးအသိစိတ်ဖြင့် မြင်တတ်အောင် ကြည့်ရှုပြီး ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်သည်။

ယခုအခါ တိုင်းရင်းသားလူမျိုးအချင်းချင်း ဆက်သွယ်ဆက်ဆံမှု၊ အပြန်အလှန်အမှီသဟဲပြုမှုများအပြင် ယုံကြည်မှုများပါ နိုင်ငံတော်က တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် တိုင်းရင်းသားတို့၏ အမျိုးသားရေးကိုယ်ခံစွမ်းအားများ တိုးတက်မြင့်မားလာခဲ့သဖြင့် ပြည်ထောင်စု ပြိုကွဲမည့်အရေး ကိစ္စမှန်သမျှကို ကာကွယ်တားဆီးနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုကြီးအတွင်း ညီရင်းအစ်ကိုမောင်ရင်းနှမစိတ်ဓာတ်ဖြင့် အေးအတူပူအမျှ၊ သုခ၊ဒုက္ခများ မျှဝေခံစားပြီး ထာဝစဉ်မခွဲမခွာ ရာသက်ပန် လက်တွဲပူးပေါင်း နေထိုင်သွားကြရေးအတွက် တိုင်းရင်းသားအားလုံးတွင် ပြည်ထောင်စုစိတ်ဓာတ် ထာဝရကိန်းအောင်းရှင်သန်နေရန်လည်း ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

ထို့အတူ တိုင်းတစ်ပါး၏ဗိုလ်ကျစိုးမိုးမှု၊ ဩဇာလွှမ်းမိုးမှု၊ သွေးထိုးမြှောက်ပင့်မှု၊ သွေးဆောင်ဖြားယောင်းမှုတို့ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ဖြင့် လက်တွဲမဖြုတ်စတမ်း ရင်ဆိုင်တွန်းလှန်သွားကြရမည်ဖြစ်သည်။

ထိုသို့ အမျိုးမျိုးသော သွေးခွဲသပ်လျှိုမှုများပြုလုပ်၍ ပြည်ထောင်စုအင်အား ချည့်နဲ့ပြိုကွဲရေးအတွက် ဆိုးညစ်သည့် ရည်ရွယ်ချက်ဖြင့် အစီအစဉ်ရှိရှိ လုပ်ဆောင်နေကြခြင်းမှာ မြန်မာနိုင်ငံအား ခေတ်သစ်ကိုလိုနီအဖြစ် ကျွန်ဇာတ်သွင်းချင်နေသည့် ပြည်ပနိုင်ငံအချို့၏ ရပ်တည်ချက် သဘောထားများအဖြစ် သိမြင်သဘောပေါက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို အောင်မြင်စွာ ပြန်လည်တည်ဆောက်နိုင်ခဲ့ခြင်းအတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ဖြစ်ပေါ်နေသည့် လက်နက်ကိုင် ပဋိပက္ခများကို ချုပ်ငြိမ်းစေခဲ့ပြီး နိုင်ငံတစ်လွှားနယ်စပ်ဒေသများ၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုအခြေခံသည့် တည်ငြိမ်ခိုင်မာသောငြိမ်းချမ်းသာယာမှုအသီးအပွင့်များ အားရဖွယ် ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပေပြီ။

တာပ်မ…

ဖွံ့ဖြိုးတိုး…

မွန်ပြည်နယ်သည် ပြည်ထောင်စု …
မွန်၊ဗမာတိုင်းရင်းသားများနှင့်အတူ က…
တစ်ခုအသွင်တည်ရှိနေသည်။ လက်ရှိ…

တောင်တန်းနှင့်မြေပြန့်ဆက်စပ်…
မြစ်အကြားတွင် ကမ်းရိုးတန်းလွင်ပြင်…
တန်းနေသည်။ စစ်တောင်းမြစ်၊ဘီးလင်…
စိုက်ပျိုးမြေအခြေခံရှိသော မွန်ပြ…
အအုံများကို နိုင်ငံတော်က စေတနာ…
လက်တွေ့ခံစားနေကြရပြီဖြစ်သည်။
ယနေ့နိုင်ငံတော်က ပြည်နယ်နှင့်…
ညီနောင်များ တက်ညီလက်ညီပါဝင်မှု…
၁၉၈၈ခုနှစ်မတိုင်မီကာလနှင့် မျက်မှော…

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် လ…
ပေးခဲ့သော လယ်မြေဧက ၁၃၀၀၀ကေ…

ယခင်က တည်ငြိမ်အေးချမ်းမှုမ…
ကျန်ရစ်ခဲ့ရသည့် နယ်စပ်ဒေသများမှာ …
ငွားငွားစွင့်စွင့် ပေါ်ထွန်းလာသကဲ့သို့ ပ…
မွေးမြူရေး စသည့် အခြေခံကောင်းမျ…
စည်းလုံးညီညွတ်မှုစိတ်ဓာတ်၊ သာတူ…
စိတ်ဓာတ်တို့ကြောင့် ဖြစ်ပေသည်။
ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံ…
နိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေ…
ချမှတ်အကောင်အထည်ဖော် ဆောင်…
အောင်မြင်စေရန် နိုင်ငံတော်နှင့်အတူ…
တကွ လက်တွဲ၍ အရှိန်အဟုန်မြင့် …
တစ်ဖန် အေးချမ်းသာယာပြီး ခေ…
သစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက် …
ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇…
တစ်ဆင့် ကြိုးပမ်းဖော်ဆောင်နေရာတွ…
အားလုံးက မိမိတို့ကျရာအခန်းကဏ္ဍမှ…
သွားကြရမည်ဖြစ်ပေသည်။
သို့ဖြစ်ပေရာ တိုင်းရင်းသားလူ…
အစဉ်အလာကောင်းများစောင့်ရှောက်ထိ…
အတွင်း ရိုးရာယဉ်ကျေးမှုပေါင်းစည်းဆ…
စေရန်၊ ပြည်ထောင်စုစိတ်ဓာတ် ခိုင်…
ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)…
ယခုအခါသည် ပြည်ထောင်စုဖွား တို…
သမိုင်းအစဉ်အလာကောင်းများနှင့်အဥ…
နီးကြားထက်သန်စွာ ကြိုးပမ်းစွမ်းဆော…
အခါကောင်း ဖြစ်ပါကြောင်း **(၅၉)…**
ဂုဏ်ပြုရေးသားလိုက်ရပါသည်။

တပ်မတော်အစိုးရလက်ထက်

ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မွန်ပြည်နယ်

မွန်ပြည်နယ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အရှေ့တောင်ပိုင်း အတွင်းဘက်တွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း၄၇၄၇မိုင် ကျယ်ဝန်းသည်။ မွန်၊ဗမာတိုင်းရင်းသားများနှင့်အတူ ကချင်၊ကရင်၊ချင်း၊ပအိုဝ်း၊ရခိုင်၊ရှမ်းစသည့်တိုင်းရင်းသားများ အတူတကွပူးပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုငယ်တစ်ခုအသွင်တည်ရှိနေသည်။ လက်ရှိလူဦးရေ ၂၈၂၂၀၀၀ခန့်ရှိသဖြင့် ပျှမ်းမျှ လူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၅၉၆ ယောက်ဖြစ်သည်။

တောင်တန်းနှင့်မြေပြန့်ဆက်စပ်တည်ရှိ

တောင်တန်းနှင့်မြေပြန့်ဆက်စပ်တည်ရှိနေသော ပြည်နယ်ဖြစ်သည်။ ပေ၁၅၀၀အထိမြင့်သော တောင်တန်းများရှိပြီး စစ်တောင်းမြစ်ဝနှင့်သံလွင်မြစ်အကြားတွင် ကမ်းရိုးတန်းလွင်ပြင်များလည်းရှိသည်။ ဇင်းကျိုက်တောင်တန်း၊ တောင်ညိုတောင်တန်းစသည်တို့သည် မြောက်မှတောင်သို့သွယ်တန်းနေသည်။ စစ်တောင်းမြစ်၊ဘီးလင်းမြစ်၊အတ္တရံမြစ်၊ဂျိုင်းမြစ်၊သံလွင်မြစ်နှင့် ရေးမြစ်တို့ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။

စိုက်ပျိုးမြေအခြေခံရှိသော မွန်ပြည်နယ်တွင် စိုက်ပျိုးရေး၊မွေးမြူရေး၊လမ်းပန်းဆက်သွယ်ရေး၊ပညာရေး၊ကျန်းမာရေးစသည့် အခြေခံအဆောက်အအုံများကို နိုင်ငံတော်က စေတနာရှေ့ထား၍ ဖြန့်ကြက်ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို လက်တွေ့ခံစားနေကြရပြီဖြစ်သည်။

ယနေ့နိုင်ငံတော်က ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်စေရန် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိရာ တိုင်းရင်းသားညီနောင်များ တက်ညီလက်ညီပါဝင်မှုဖြင့် အောင်မြင်မှုများရရှိနေသော မွန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို နှိုင်းယှဉ်လေ့လာကြည့်ရှုနိုင်ရန်အတွက် ၁၉၈၈ခုနှစ်မတိုင်မီကာလနှင့် မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ပြပါဇယားတွင် အထင်အရှားတွေ့ရှိရမည်ဖြစ်ပေသည်။ ။

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနက တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော လယ်မြေဧက ၁၃၀၀၀ကျော် ရေပေးဝေလျက်ရှိသည့် ဝင်းဖနုံရေလှောင်တမံကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)



မွန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ

အမျိုးအမည်	၁၉၈၈	၂၀၀၆	တိုးတက်မှု
စိုက်ပျိုး/မွေးမြူရေး			
စိုက်ပျိုးမြေ(ဧက)	၉၆၉၅၁၆	၁၄၀၃၅၂၄	၄၃၄၀၀၈
ဆည်မြောင်း၊ တာတမံ	၇၆	၈၃	၇
မြစ်ရေတင်လုပ်ငန်း	–	၅	၅
မိုးစပါးစိုက်(ဧက)	၆၀၆၄၄၂	၈၃၁၀၁၀	၂၂၄၅၆၈
နွေစပါးစိုက်(ဧက)	–	၃၄၈၅၀	၃၄၈၅၀
ဆီထွက်သီးနှံစိုက်(ဧက)	၂၅၇၉၉	၂၈၀၀၅	၂၂၀၆
ငါးမွေးမြူရေးကန်(ဧက)	၂၃၉	၈၁၉	၅၈၀
ပုစွန်မွေးရေပြင်(ဧက)	–	၈၇၃	၈၇၃
သစ်တောပြုစုပျိုးထောင်မှု			
ကြိုးဝိုင်းတော(စတုရန်းမိုင်)	၇၃၂	၇၇၉	၄၇
သဘာဝသစ်တောဧရိယာ(စတုရန်းမိုင်)	၉	၆၉	၆၀
သစ်တောစိုက်ခင်း(ဧက)	၄၁၀၀	၂၉၂၉၅	၂၅၁၉၅
လမ်းပန်းဆက်သွယ်ရေး			
ကားလမ်း(မိုင်)	၄၂၄	၄၄၀	၁၆
ကတ္တရာလမ်း(မိုင်)	၃၅၂	၃၈၆	၃၄
ကျောက်လမ်း(မိုင်)	၃	၂၁	၁၈
ရထားလမ်း(မိုင်)	၁၉၅	၂၁၀	၁၅
သံလမ်း(မိုင်)	၂၅၂	၂၆၈	၁၆
ဘူတာရုံ	၄၇	၅၅	၈
ပေ ၁၈၀အထက်တံတား	၃	၉	၆
ပေ ၁၈၀အောက်တံတား	၁၂၇	၁၉၈	၇၁
စက်မှုဖွံ့ဖြိုးမှု			
စက်မှုဇုန်များ	–	၁	၁

အမျိုးအမည်	၁၉၈၈	၂၀၀၆	တိုးတက်မှု
စွမ်းအင်ဖွံ့ဖြိုးမှု			
သဘာဝဓာတ်ငွေ့(ကမ်းလွန်)	–	၁	၁
ဓာတ်ငွေ့ထုတ်လုပ်မှု(ကုဗပေသန်း)	–	၂၁၁	၂၁၁
လျှပ်စစ်စွမ်းအား			
ဓာတ်အားသုံးစွဲမှုယူနစ်(သန်း)	၃၆	၂၃၈	၂၀၂
ပညာရေး			
အခြေခံပညာအဆင့်			
မူလတန်းကျောင်း	၁၀၉၇	၁၂၁၈	၁၂၁
အလယ်တန်းကျောင်း	၆၆	၈၆	၂၀
အထက်တန်းကျောင်း	၄၂	၈၈	၄၆
ဆရာ/ဆရာမဦးရေ	၈၆၁၉	၁၁၄၂၃	၂၈၀၄
ကျောင်းသားဦးရေ	၂၅၈၈၉၂	၃၄၅၂၄၆	၈၆၃၅၄
အဆင့်မြင့်ပညာအဆင့်			
အစိုးရကွန်ပျူတာကောလိပ်	–	၁	၁
အစိုးရနည်းပညာကောလိပ်	–	၁	၁
အစိုးရစက်မှုလက်မှုသိပ္ပံ	–	၁	၁
ကျန်းမာရေး			
ဆေးရုံ	၂၀	၂၉	၉
ကျန်းမာရေးဌာနများ	၇၃	၈၂	၉
တိုင်းရင်းဆေးရုံ	–	၁	၁
ဆက်သွယ်ရေး			
စာတိုက်စခန်း	၅၈	၆၄	၆
ကြေးနန်းရုံး	၁၆	၁၈	၂
တယ်လီဖုန်းရုံး	၁	၂၉	၂၈
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး			
ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ	၁	၅	၄
ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်	–	၁၁၅၈	၁၁၅၈

ယခင်က တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ရစ်ခဲ့ရသည့် နယ်စပ်ဒေသများမှာ ယခုအခါ မြို့ကြီးပြကြီးများအဖြစ် ငွားငွားစွင့်စွင့် ပေါ်ထွန်းလာသကဲ့သို့ ပညာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အခြေခံကောင်းများလည်း ဖြစ်ထွန်းလာခြင်းသည် စည်းလုံးညီညွတ်မှုစိတ်ဓာတ်၊ သာတူညီမျှမှုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကြောင့် ဖြစ်ပေသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်က ရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ အောင်မြင်စေရန် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူများ အတူတကွ လက်တွဲ၍ အရှိန်အဟုန်မြင့် ကြိုးပမ်းဆောင်ရွက်နေပေပြီ။

တစ်ဖန် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက် လာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ကာ တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းဖော်ဆောင်နေရာတွင် တိုင်းရင်းသားညီအစ်ကိုများအားလုံးက မိမိတို့ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ပေရာ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့စရိုက်နှင့် အစဉ်အလာကောင်းများစောင့်ရှောက်ထိန်းသိမ်းနိုင်ရန်၊ ပြည်ထောင်စုကြီးအတွင်း ရိုးရာယဉ်ကျေးမှုပေါင်းစည်းဆက်နွှယ်ဖြစ်ထွန်းမှုများ ပိုမိုခိုင်မာစေရန်၊ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာရင့်သန်စေရန်နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စေရန်တို့အတွက် ယခုအခါသည် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးက သမိုင်းအစဉ်အလာကောင်းများနှင့်အညီ စည်းလုံးညီညွတ်မှု အားမာန်နိုးကြားထက်သန်စွာ ကြိုးပမ်းစွမ်းဆောင်ပေးရမည့် အခြေအနေ အချိန်အခါကောင်း ဖြစ်ပါကြောင်း **(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့**ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

မြန်မာအင်ဂျင်နီယာများ၏ ကိုယ်ပိုင်စွမ်းအားဖြင့် ကြိုးပမ်းတည် ဆောက်ခဲ့သော ၁၁၅၇၅ပေရှည်လျားသည့် မြန်မာနိုင်ငံ၏ အရှည်ဆုံး နှင့် အကြီးဆုံး သံလွင်တံတား(မော်လမြိုင်)ကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မဟာနန္ဒိသေနာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အရိယာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩဘာသဘိဝံသက အနုမောဒနာတရားချီးမြှင့်တော်မူပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ရေစက်ချမင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဆွမ်းသပိတ်လောင်းလှူ

ရေစက်ချမင်္ဂလာ အခမ်းအနားအပြီးတွင် ဆွမ်းလောင်းလှူပွဲမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအမှူးပြုသော ပင့်သံဃာ၁၀၈ပါးတို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ဦးဆောင်၍ ဆွမ်း၊ ဘောဇဉ်၊ ချိုချဉ် အရသာအဖြာဖြာ တို့ကို ဆွမ်းသပိတ်တော်များဖြင့် လောင်းလှူကြသည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ နိုင်ငံတော်ဩဝါဒါစရိယ ဗဟန်းမြို့နယ် သီရိမင်္ဂလာ စံကျောင်း ဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်မြို့ ဃောသိတာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာတော် ၁၀၈ပါးတို့အား ဆွမ်း သပိတ်တော် လောင်းလှူစဉ်။ (သတင်းစဉ်)

ဓမ္မတေးများဖြင့်သီဆိုပူဇော်

ထိုအချိန်တွင် သီရိခေမာဝတ်အသင်း မင်္ဂလာစည်တော်အဖွဲ့က ဓမ္မတေးများဖြင့် သီဆိုပူဇော်ကြသည်။

အလားတူ ရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်၊ တောင်ဘက်စောင်းတန်းထိပ် ရင်ပြင်တော်နှင့် မြောက်ဘက်စောင်းတန်းတစ်လျှောက်တို့၌ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများ၊ နိုင်ငံတော်ဝန်ကြီးချုပ်ရုံး၊ စစ်ရေးချုပ်ရုံး၊ စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)၊ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ရုံး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် အလှူရှင်များက သံဃာတော်အရှင်သူမြတ်များအား ငွေကျပ်၁၆၅သိန်းကျော် တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများကို လောင်းလှူကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအမှူးပြုသော ပင့်သံဃာတော် ၁၀၈ပါးတို့အား ဆွမ်းသပိတ်တော် လောင်းလှူစဉ်။ (သတင်းစဉ်)

သဲအင်းဂူအဓိဋ္ဌာန် ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်းသဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလ သဲအင်းဂူ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ရန်ကုန်မြို့လုံးဆိုင်ရာ ဩဝါဒါစရိယ ပဓာနကမ္မဋ္ဌာနာစရိယ (နယ်လှည့်သာသနာပြု ဓမ္မကထိက) ဆရာတော် ဘဒ္ဒန္တမုနိန္ဒ (ကျိုက်ဝိုင်း) နှင့် တွံတေးမြို့ ကျွန်းတောရပ်ကွက် အမှတ်(၈)သဲအင်းဂူဝိပဿနာကျောင်း ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လ အရှင်သူမြတ်နှစ်ပါးတို့က ဖေဖော်ဝါရီ၁၉ရက်မှ ၂၆ရက်အထိ ခုနစ်ရက်အဓိဋ္ဌာန် တရားစခန်းဖွင့်လှစ်၍ သမထဝိပဿနာတရားတော်များ ချီးမြှင့်ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဖေဖော်ဝါရီ ၁၈ရက်(စနေနေ့)ညနေ ၅နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်နှင့်အတူ စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
(၁၂-၂-၂၀၀၆) ရက်နေ့
နှင့်
(၂၆-၂-၂၀၀၆) ရက်နေ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ကျိုင်းတောင်မြို့ သာသနာ့ရက္ခိတ ပရိယတ္တိစာသင်တိုက် နှစ်ထပ်ကျောင်းဆောင်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းဥ)

● *ကျောဖုံးမှ*

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကြက်ဆူဆီဖြင့် လက်တွန်းထွန်စက် မောင်းနှင်အသုံးပြုနိုင်မှု၊ မီးစက်အင်ဂျင်၌ ကြက်ဆူဆီအသုံးပြု၍ လျှပ်စစ်ဓာတ်အား ရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ပျိုးထောင်ထား

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်းအတွင်းရှိ မြေလွတ်မြေလပ်များ၌ စိုက်ပျိုးထားသည့် ကြက်ဆူပင်ပေါက်ပျိုးခင်း၊ ကြက်ဆူမျိုးစေ့ပျိုးခင်း၊ ကြက်ဆူမျိုးကိုင်း ပျိုးခင်းတို့ဖြင့် စုစုပေါင်း ကြက်ဆူပင် ၁၅၄၀၀၀ကျော် ပျိုးထောင်ထားမှုများကိုကြည့်ရှုစစ်ဆေးအားပေးကြသည်။

ထိုမှတစ်ဆင့် တပ်မတော် (လေ) မိသားစုများ၏ ကြက်ဆူပင် စိုက်ခင်းသို့ ရောက်ရှိကြရာ ဒုတိယ ဗိုလ်မှူးကြီး ကြည်ဝင်းက နမ့်စန် တပ်နယ်ရှိ ၁၈၈ ဒသမ၅ ဧက၌ ကြက်ဆူပင် ၂၆၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးမှု အခြေအနေများနှင့် ကြက်ဆူမျိုးကိုင်း၊ မျိုးစေ့နှင့် အပင်ပေါက် နမူနာများကို ရှင်းလင်းပြသသည်။

အမှတ်တရစိုက်ပျိုးပေး

ထို့နောက် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် ကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး ကြက်ဆူပင် စိုက်ခင်းကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။ တပ်မတော်သားများနှင့် မိသားစုများ၏ ကြက်ဆူပင် စိုက်ပျိုးနေမှုများကိုလည်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

နမ့်စန်လေဆိပ်အနီးရှိ မြေလွတ်မြေလပ်များ၌ တပ်မတော်(လေ)မိသားစုများက ကြက်ဆူပင်၂၄၀၀၀၀ကို ပျိုးထောင်စိုက်ပျိုးထားကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း လွိုင်လင်မြို့နယ် ပင်လုံမြို့ အထွေထွေအုပ်ချုပ်ရေးဌာန ရုံးဝင်းအတွင်း၌ ကြက်ဆူမျိုးစေ့များကို ပျိုးထောင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကြက်ဆူမျိုးကိုင်းများကို ပျိုးထောင်ပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင် များ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများအား ဇီဝလောင်စာ ရရှိရေး အတွက် ကြက်ဆူပင်များကို အောင်မြင် ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် နမ့်စန်လေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်ပတ် ဝန်းကျင်၌ တပ်မတော်(လေ) မိသားစုများ စိုက်ပျိုးထားသည့် ကြက်ဆူပင် ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးကြရာ နမ့်စန် တပ်နယ်မှ ဗိုလ်မှူးချုပ်သူရ မြင့်သိန်းနှင့် တာဝန်ရှိသူများက ကြက်ဆူပင် စိုက်ပျိုးခြင်းလုပ်ငန်းများ၊ ပျားလိမ္မော်၊ နာနတ်စိုက်ပျိုးခြင်း လုပ်ငန်းများနှင့် ဖြစ်ထွန်းအောင်မြင်မှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက်၁၁နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် နမ့်စန်မြို့မှ မိုးနဲမြို့နယ် ကျိုင်းတောင်မြို့သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ကျိုင်းတောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၌ စီစဉ် ပြသထားသည့် ကြက်ဆူဆီဖြင့် မီးဖို၊ မီးအိမ်၊ မီးခွက်အသုံးပြုနိုင်မှုများ၊ မီးစက်၊ ထော်လာဂျီစသည်တို့၌ သုံးစွဲနိုင်မှုများကိုလည်းကောင်း၊ လင်းခေးခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များ၌ ကြက်ဆူဆီသုံးစွဲနိုင်မှုသရုပ်ပြပွဲ၊ ကြက်ဆူပင် စိုက်ပျိုးပွဲ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လင်းခေးခရိုင် မန်နေဂျာ ဦးကျော်စိုးဝင်းက ရှင်းလင်းပြသသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို အားပေးမှာကြားပြီး အဖွဲ့ဝင်များနှင့် အတူ ကြက်ဆူမျိုးစေ့များကို ပျိုးထောင်စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ရုံးဝင်းအတွင်း၌ ကြက်ဆူပင်များ ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ကျိုင်းတောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း၌ ကြက်ဆူပင်စုစုပေါင်း နှစ်သိန်းပျိုးထောင် စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျိုင်းတောင်မြို့အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြပြီး သိပ္ပံခန်း၌ သိပ္ပံခန်းသုံးပစ္စည်းများရရှိထားမှုကို ကြည့်ရှုစစ်ဆေး၍ ကျောင်းသားကျောင်းသူများ လက်တွေ့လေ့ကျင့်သင်ကြားနေမှုများကို အားပေးကြသည်။

ဆက်လက်၍ သင်ကြားမှုသင်ယူမှုအထောက်အကူပြုစာသင်ခန်းများကိုကြည့်ရှုစစ်ဆေးကြရာကျောင်းသားကျောင်းသူများက သင်ယူ တတ်မြောက်မှုစွမ်းရည်များကိုပြသကြသည်။

ထို့နောက်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတောင်မြို့ သာသနာ့ရက္ခိတ ပရိယတ္တိစာသင်တိုက်၌ ပြန်လည်ပြုပြင်တည်ဆောက် ပြီးစီးသွားသည့် နှစ်ထပ်ကျောင်းဆောင်ကြီး ရေစက်ချမင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြသည်။

တက်ရောက်ကြည်ညို

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ကျိုင်းတောင်မြို့ရှိ စာသင်တိုက်များမှ ဆရာတော် သံဃာတော်များကြွရောက်တော်မူကြပြီးဒေသခံတိုင်းရင်းသားတိုင်းရင်းသူများတက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြ၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသည့် ပရိတ်တရားတော်များကိုနာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာ့ရက္ခိတ ပရိယတ္တိစာသင်တိုက် တုံဟုံးကျောင်းဆရာတော်ဘဒ္ဒန္တသောစိဏ္ဏက သမ္ဗောဒနီယသာရဏီယကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်အမှူးပြုသော ဆရာတော်ကြီးများအား လျှောက်ထားသည်။

အမျှပေးဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်က ရေစက်ချတရားတော်ကို ချီးမြှင့်တော်မူရာ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များနှင့်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ပြီး မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးကြသည်။

သာသနာ့ရက္ခိတပရိယတ္တိစာသင်တိုက်ရှိ နှစ်ထပ်ကျောင်းဆောင်ကြီးသည် ၁၃၀၅ခုနှစ်ကတည်းက တည်ဆောက်ခဲ့သည့် ကျောင်းဆောင်ကြီးဖြစ်သည်။

ကျိုင်းတောင်မြို့သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး ရောက်ရှိစဉ် နှစ်ထပ်ကျောင်းဆောင်ကြီးကို ရှေးမူမပျက်ပြန်လည်မွမ်းမံတည်ဆောက်ရန် မှာကြားခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရဟတ်ယာဉ်ဖြင့် လွိုင်လင်မြို့နယ် ပင်လုံမြို့သို့ ရောက်ရှိကြပြီး ပင်လုံမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်း၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ မျိုးကိုင်း ပျိုးထောင်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြ၍ မျိုးစေ့၊ မျိုးကိုင်းများကို ပျိုးထောင် စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးခြင်းဆိုင်ရာ မှတ်တမ်းများပြသထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ပင်လုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၌ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များနှင့်အတူ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကြက်ဆူမျိုးစေ့၊ မျိုးကိုင်း၁၁၀၀၀၀ကျော်ကို ပျိုးထောင်စိုက်ပျိုးကြသည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းက ပင်လုံမြို့ မဟာရဋ္ဌာဘိ သာမဂ္ဂီ စေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။

ယင်းနောက် နမ့်စန်မြို့မှ တစ်ဆင့် တပ်မတော် လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိကြသည်။

တွေ့ဆုံဆွေးနွေး

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်းနှင့် ဗဟိုအလုပ်အမှုဆောင် ဦးတင်နိုင်သိန်းတို့သည် ဖေဖော်ဝါရီ ၉ရက် ညနေပိုင်းတွင် လွိုင်လင်မြို့ရှိ လွိုင်လင်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့မိ မြို့ဖများ၊ ရှမ်းပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေး မှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံဆွေးနွေး၍တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

(သတင်းစဉ်)

မိုးနဲမြို့နယ် ကျိုင်းတောင်မြို့ သာသနာ့ရက္ခိတ ပရိယတ္တိ စာသင်တိုက်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းနှင့်မိသားစု ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား မိသားစုအသွင် ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် ရန်ကုန်မြို့သို့ ရောက်ရှိနေကြသည့် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းနှင့် မိသားစုက ယနေ့ညနေ၅နာရီတွင် ၎င်း၏နေအိမ်၌ မိသားစုအသွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(ဓါတ်ပုံ)**

ရှေးဦးစွာ တိုင်းမှူးဗိုလ်မှူးချုပ်လှဌွေးဝင်းက ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားပြီး အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့်မိသားစုက ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ရိုးရာယဉ်ကျေးမှု၏တန်ဖိုးအဆင့်အတန်းကိုအခြေခံ ခေတ်နှင့်လျော်ညီသော ပြောင်းလဲမှုများဖြင့် တိုးတက်အောင်ဆန်းသစ်တီထွင် မြန်မာ့ဂီတယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရန် အစည်းအရုံးဝင်များ၌တာဝန်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့မွန်းတည့်၁၂နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဂီတအစည်းအရုံး အမှုဆောင်သစ်များနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ မြန်မာ့ဂီတလောကအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဂီတလုပ်ငန်းဆိုင်ရာ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်သစ်များတက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံဂီတအစည်းအရုံးကို အချိန်ကာလအားဖြင့် အသစ်ပြန်လည် ဖွဲ့စည်းရန် သင့်သည့် အချိန်ရောက်ပြီဖြစ်၍လည်းကောင်း၊ အစည်းအရုံးလုပ်ငန်းများကို စိတ်သစ် လူသစ်အဖွဲ့အစည်းအသစ်က အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်လည်းကောင်း အမှုဆောင်သစ်များဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ကြောင်း။

ယခင်အစည်းအရုံးအဖွဲ့ဝင်ဟောင်းများ အနေဖြင့်လည်း တာဝန်ယူစဉ်ကာလအတွင်း အစည်းအရုံး တာဝန်များသာမက အမျိုးသားရေး တာဝန်များကိုပါ တတ်စွမ်းနိုင်သမျှ တာဝန်ကျေပွန်အောင် ဆောင်ရွက်ခဲ့သဖြင့် ဝန်ကြီးဌာနအနေဖြင့် အသိအမှတ်ပြုပါကြောင်း။

လက်တွဲပူးပေါင်း

ယခု တာဝန်ယူဆောင်ရွက်နေသော မြန်မာနိုင်ငံ ဂီတအစည်းအရုံး အမှုဆောင်သစ်များအနေဖြင့် ဂီတလောက နှင့်ဂီတလောကသားများ၏ အကျိုး၊ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ထမ်းဆောင်ကြရာတွင် အခြေခံအလွှာ အသီးသီးက သူ့တာကိုယ့်တာ မခွဲခြားဘဲစည်းလုံးညီညွတ်စွာဖြင့်ရည်မှန်းချက်များ အောင်မြင်အကောင်အထည်ပေါ်အောင် လက်တွဲပူးပေါင်းကြိုးစား ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

မြန်မာ့ဂီတသည် အစဉ်အလာကြီးမား၍ အရည်အသွေးထွန်းပြောင်ခဲ့ပါကြောင်း၊ အစဉ်အလာ ကြီးမား၊ အရည်အသွေးထွန်းပြောင်မှုများကို ပြောရမည်ဆိုပါက–

(၁) အမျိုးသားရေးစရိုက် လက္ခဏာနှင့် ကိုယ်ပိုင်ဟန်အပြည့် ရှိခြင်း၊

(၂) အဘက်ဘက်မှ ကြွယ်ဝပြီး အနှစ်သာရပြည့်စုံ၍ အဆင့်အတန်း မြင့်မားခြင်း၊

(၃) သမိုင်းစဉ်တစ်လျှောက် အမျိုးသားရေးတာဝန် ကျေပွန်ခဲ့ခြင်း တို့ဖြစ်ကြောင်း၊

သို့ဖြစ်၍ ထိုသမိုင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အားလျော်စွာ အရာရာသည် အလျင်အမြန် တိုးတက်ပြောင်းလဲလျက်ရှိရာတွင် မြန်မာ့ဂီတ၊ စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စိန်ခေါ်မှုများနှင့်လည်း ကြုံတွေ့ရင်ဆိုင်ရလျက်ရှိကြောင်း။

သို့ပါ၍ မြန်မာ့ဂီတယဉ်ကျေးမှုအမွေအနှစ်ကို ကာကွယ်ထိန်းသိမ်းရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းနိုင်ရန် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိကြောင်း။

ဆန်းသစ်တီထွင်

မြန်မာနိုင်ငံ ဂီတအစည်းအရုံး အနေဖြင့်လည်း မြန်မာ့ဂီတယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းရန်၊ မြှင့်တင်ရန် တာဝန်ရှိပါကြောင်း၊ တစ်ဖက်ကလည်း မြန်မာ့ဂီတကို တိုးတက်ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ဆန်းသစ်တီထွင်သွားရမှာဖြစ်ကြောင်း၊ ထိုသို့ ပြုလုပ်ရာတွင် ပြည်ပမှ ဝင်ရောက်လာသည့် ဂီတယဉ်ကျေးမှုများအားလုံးကို မျက်စိစုံမှိတ်လက်ခံ၍ တစ်သဝေမတိမ်း တုပပြောင်းလဲကျင့်သုံးရန်မဟုတ်ဘဲ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းပြီး အမျိုးဂုဏ်၊ဇာတိဂုဏ်နှင့် ရိုးရာယဉ်ကျေးမှု၏ တန်ဖိုးအဆင့်အတန်းကို အခြေခံ၍ ခေတ်နှင့်လျော်ညီသည့် ပြောင်းလဲမှုများဖြင့် တိုးတက်အောင် ဆန်းသစ်တီထွင် သွားရမည်ဖြစ်ကြောင်း၊ အရိုးပေါ် အရွက်မဖုံးစေရန် အထူးသတိပြု ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြား လိုကြောင်း။

ထို့ကြောင့်မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် ဂီတအနုပညာရှင်များအနေဖြင့် အောက်ပါရည်ရွယ်ချက် (၅)ရပ် ချမှတ်၍ဆောင်ရွက်သွားသင့်ကြောင်းကို အကြံပြုမှာကြားလိုကြောင်း–

၎င်းအချက်များမှာ

(၁) မြန်မာ့ဂီတလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ် ရေးကို အလေးထားဆောင်ရွက်ရန်၊

(၂) မြန်မာ့ဂီတ ထုတ်လုပ်မှု ခေတ်မီတိုးတက်အောင် ဦးဆောင် ပံ့ပိုးဆောင်ရွက်သွားရန်၊

(၃) ဂီတလောကသားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် ကူညီပံ့ပိုးဆောင်ရွက်သွားရန်၊

(၄) မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ကိုယ်ပိုင်ဟန်၊ကိုယ်ပိုင်သံစဉ်ဖြင့် မြန်မာ့ဂီတကို တီထွင်ဆန်းသစ် ကြရေးကြပ်မတ်ဆောင်ရွက်သွားရန်၊

(၅) "ဂီတစွမ်းအား ပြည်ထွန်းကား" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့်အတူ လက်တွဲ ပူးပေါင်း ထမ်းဆောင်သွားရန်

စသည်တို့ ပင်ဖြစ်ကြောင်း။

ကူညီဖြည့်ဆည်း

ဂီတအစည်းအရုံးနှင့်ဂီတလောကသားများ၏ ဂီတလောက ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများ အပေါ် ဝန်ကြီးဌာနအနေဖြင့် မူဘောင်များနှင့်အညီ အဘက်ဘက်မှကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြင့် ပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌဦးမောင်မောင်လတ်၊ အတွင်းရေးမှူး ပလေးဘွိုင်းသန်းနိုင်၊ အမှုဆောင် ဦးကိုကိုလွင်နှင့် နာယကကြီးများဖြစ်သည့် အကော်ဒီယံဦးအုံးကျော်နှင့် ဟသ်ာတဦးမြင့်ဌေတို့က ဂီတအစည်းအရုံးဆိုင်ရာ ကိစ္စများကိုတင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံဂီတအစည်းအရုံး အမှုဆောင်သစ်များနှင့်အဖွဲ့ဝင်များအား မြန်မာ့ဂီတလောကအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဂီတလုပ်ငန်းဆိုင်ရာ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးမှာကြားစဉ်။
(သတင်းစဉ်)

မြေနီကုန်းဓမ္မာရုံ တရားပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းရပ်ကွက် လောကဖေယျာဆုတောင်းပြည့်စေတီတော် (၆၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တရားပွဲများကို မြေနီကုန်းဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ ညစဉ် ၇ နာရီတွင်ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၃ ရက်တွင် အရှင်ပညိသာရ (ဓမ္မဒူတ)၊ ၁၄ ရက်တွင် အရှင် ခေမာသိရီလင်္ကာရ(သီတဂူ ကြာတစ်ပွင့်–ရွှေပြည်ဟိန်း)၊ ၁၅ ရက်တွင် အရှင်ကောသလ္လ (ဓမ္မစေတီ)၊ ၁၆ ရက်တွင် အရှင်ကောဝိဒ(မဇ္ဈိမဂုဏ်ရည်)၊ ၁၇ ရက်တွင် အရှင်ဇဝန (မေတ္တာရှင်)၊ ၁၈ ရက်တွင် အရှင် စန္ဒာသိရီ(အောင်စကြာ)နှင့် ၁၉ ရက်တွင်အရှင် သဒ္ဒမ္မကိတ္တိသာရ (အောင်ဆန်းတပ်ဦး)ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ဦးဝင်းငယ်သည် ကစားဖော်များဖြစ်ကြသော ဦးမျိုးမြင့်၊ ဦးသောင်း (566 GREEN Co., LTD.)၊ဦးဝင်းသန်း(YANGON AUTO TELEPHONE) တို့နှင့်အတူ ဖေဖော်ဝါရီ၅ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ ဥက္ကလာဂေါက်ကွင်း၌ ဂေါက်သီးရိုက် ကစားကြရာ NIKE-4 ဘောလုံးကို WILL SON IRON No. 5 သံတုတ်ဖြင့် ရိုက်လိုက်ရာ၁၆၈ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ်၁၂သို့ တစ်ချက်တည်းဖြင့်ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိပ်ဆုံးမှ ချယ်လ်ဆီး ဂိုးပြတ်ရှုံးနိမ့်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ယနေ့ စနေနေ့ည ယှဉ်ပြိုင်ကစားသော အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ထိပ်ဆုံးမှ အမှတ်ဖြတ်ကာ ဦးဆောင်နေသော နာမည်ကြီး ချယ်လ်ဆီးအသင်းသည် မစ်ဒယ်ဘရော့အသင်းအား သုံးဂိုးပြတ်ဖြင့်ရှုံးနိမ့်သွားခဲ့သည်။ **(မြန်မာ့အလင်း)**

အုတ်တွင်းမြို့ လူသတ်မှုတရားခံများ ဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

အုတ်တွင်းမြို့ ပဲခူးလမ်း(တောင်ပိုင်းရပ်ကွက်)၌ ဇန်နဝါရီ၂၂ရက် ည၉ နာရီတွင် သုံးလောင်းပြိုင် လူသတ်မှု ဖြစ်ပွားခဲ့သည်။ အသတ်ခံရသူများမှာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ နေထိုင်ကြသော မြို့နယ်ဦးစီးမှူး ဒေါ်လှလှဝေ(၄၇)နှစ် (အဖ) ဦးအုန်းကြိုင်၊ ဒေါ်ကြည်အေး (၄၂)နှစ် (အဖ) ဦးပေါကြိုင်နှင့် မအိအိငြိမ်း (၉)နှစ်(အဖ)ဦးတူးတို့သုံးဦးဖြစ်သည်။

စုံစမ်းစစ်ဆေးချက်များ အရ ဖေဖော်ဝါရီ၃ရက်တွင် တရားခံ မောင်ဇော်(ခ)သန်းဇော် (၂၆)နှစ် (အဖ) ဦးစံလှိုင် ဗိုလ်ဥက္ကာလမ်း(၄၀) ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ရန်ကုန်မြို့ နေသူအားလည်းကောင်း၊ ဖေဖော်ဝါရီ၅ရက်တွင် တရားခံများ ဖြစ်ကြသော ဖိုးထောင်(ခ) ကျော်မင်းထွန်း(ခ) အေးဇော်မင်း (၂၉)နှစ် (အဖ) ဦးခင်သောင်းနှင့် မြင့်သိန်း (၄၆)နှစ် (အဖ) ဦးလေးမောင်တို့အားလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ထောင်ကျဖူး

တရားခံ မောင်ဇော်(ခ)သန်းဇော်သည် ဖျာပုံမြို့နယ်တွင် လူသတ်မှုဖြင့် ထောင်ကျဖူးသူဖြစ်ကြောင်း သိရှိရသည်။

တရားခံများ၏ ထွက်ဆိုချက်များအရ မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးမှူး ဒေါ်လှလှဝေသည် ငွေကြေးချမ်းသာပြီး မြို့တောင်ဘက်အစွန်တွင် အမျိုးသမီးများချည်းသာနေထိုင်သဖြင့် လုယက်ရန် ကြံစည်ခဲ့ကြကြောင်း၊ အခင်းဖြစ်ညတွင် ဒေါ်လှလှဝေ အိမ်အတွင်းသို့ ဝင်ရောက်ခဲ့ရာ ဧည့်ခန်း၌ ရုပ်မြင်သံကြား ထိုင်ကြည့်နေသော မိန်းမသား သုံးဦးအနက်မှ ဒေါ်လှလှဝေနှင့် ဒေါ်ကြည်အေးတို့က "သူခိုး၊ သူခိုး"ဟုအော်ဟစ်ခဲ့သဖြင့် ဖိုးထောင်က ဒေါ်လှလှဝေအား လည်းကောင်း၊ မောင်ဇော်(ခ)သန်းဇော်က ဒေါ်ကြည်အေးအား လည်းကောင်း၊ အသင့်ယူဆောင်လာသော ဓားရှည်များဖြင့် ထိုးခုတ်သတ်ဖြတ်ခဲ့ကြကြောင်း၊ ထို့အပြင် အော်ဟစ်ထွက်ပြေးခဲ့သော မအိအိငြိမ်းအား ဖိုးထောင်က နောက်မှလိုက်၍ သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။

ဖမ်းဆီးမိ

မတော်လောဘဖြင့် ပစ္စည်းလုယက်ရန် ကြံစည်ရာမှ ဖြစ်ပွားပေါ်ပေါက်ခဲ့သော အုတ်တွင်းမြို့သုံးလောင်းပြိုင် လူသတ်မှုဖြစ်စဉ်တွင် ပြည်သူလူထုက သဲလွန်စများကို သတင်းပေးဖော်ထုတ်ကူညီမှုကြောင့် တရားခံများအား ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက် ပြည်ထောင်စုအလံတော် အနောက်ပိုင်းခရိုင်သို့သယ်ဆောင် လမ်းတစ်လျှောက်ထောင်ပေါင်းများစွာပြည်သူများ သောင်းသောင်းဖြဖြကြိုဆို

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ပြည်ထောင်စုအလံတော်သယ်ယူရေးအစီအစဉ်အရ ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဂျိုးဖြူအားကစားပြိုင်ကွင်းစင်မြင့်၌ တစ်ညတာရပ်နားခဲ့သော ပြည်ထောင်စုအလံတော်ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုလှေဖြင့်လည်းကောင်း၊ အလံသယ်ယူရေးအဖွဲ့များ အဆင့်ဆင့် လက်ဆင့်ကမ်းသယ်ဆောင်၍လည်းကောင်း သယ်ဆောင်ကာ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ပြည်ထောင်စု အလံတော်အား ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်မှ ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်သို့ ဆက်လက်သယ်ဆောင်သည့် အခမ်းအနားကို နံနက်ပိုင်းတွင် တိုက်ကြီးမြို့နယ် ဂျိုးဖြူအားကစားပြိုင်ကွင်း၌ကျင်းပရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး၊ အလံတော်သယ်ယူရေးနှင့် မြေစိုက်ပိုစတာများ စိုက်ထူရေးဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)ဌာနခွဲမှူး ဦးဝင်းသန်းနှင့် ဆပ်ကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြပြီး ရှေးဦးစွာ ပြည်ထောင်စုအလံတော်ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက အလေးပြုကြရာ အမှတ်(၁၁) ခြေမြန် တပ်မဌာနချုပ်စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

(ကြည်း၊ရေ၊လေ)နှင့် ရဲအရာရှိလေးဦး၊ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံလိုက်ပါ၍ ပြည်ထောင်စုအလံတော်ကို သယ်ဆောင်လာပြီး ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ထိုကဲ့သို့ ပြည်ထောင်စုအလံတော်အား သယ်ဆောင်လာချိန်တွင် မင်္ဂလာစည်တော်အဖွဲ့က စည်တော်ရွှမ်း၍လည်းကောင်း၊ မှော်ဘီမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့က ဘင်ခရာတီးမှုတ်၍လည်းကောင်း၊ ပန်းဖွားအကအဖွဲ့က ပန်းဖွားအကများက၍လည်းကောင်း ဂုဏ်ပြုကြသည်။

သောင်းသောင်းဖြဖြကြိုဆို

ထို့နောက် ပြည်ထောင်စုအလံတော်ကို ပြည်ထောင်စုလှေဖြင့် တိုက်ကြီးမြို့နယ်မှ ကြည့်မြင်တိုင်မြို့နယ်သို့ ပြည်လမ်းအတိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်၊ မှော်ဘီမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် အင်းစိန်မြို့နယ်၊ ရန်ကုန်အနောက်ပိုင်း အလံများစိုက်ထူ၍ လည်းကောင်း၊ **‘(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်အား လှိုက်လှဲစွာ ကြိုဆိုပါ၏’** စာတန်းပါ လမ်းဖြတ်ကြိုဆိုရေးစာတန်းများဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ပြည်ထောင်စု အလံတော်ကို ခမ်းနားထည်ဝါစွာ သယ်ဆောင်လာသော ပြည်ထောင်စုလှေသည် နံနက် ၉နာရီ၁၅မိနစ်တွင် စမ်းချောင်းမြို့နယ် ဟံသာဝတီလမ်းရှိ ရန်ကုန်အနောက်ပိုင်းခရိုင် ကြိုဆိုရေးမှခ်ဦးသို့ ရောက်ရှိလာရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ပြည်ထောင်စုလှေပေါ်သို့ တက်ရောက်၍ ပြည်ထောင်စုအလံတော်ကို အလေးပြု၍ ငွေဖလားမှ နုတ်ယူပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် ရဲအရာရှိလေးဦး၊ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများခြံရံလျက် သယ်ဆောင်ကာ ပြည်ထောင်စုအလံတော်အား လက်ဆင့် ဥက္ကဋ္ဌ ဦးသိန်းဇော် ခေါင်းဆောင်သောအလံတော်သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းစိုး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ လမ်းမတော်မြို့နယ်

ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်းစင်မြင့်ရှိ ငွေဖလားတွင် ပြည်ထောင်စုအလံတော်ကို စိုက်ထူစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ပြည်ထောင်စုအလံတော်ကို ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်းသို့ အလံတော်သယ်ယူရေးအဖွဲ့များက လက်ဆင့်ကမ်း သယ်ဆောင်လာစဉ်။ (သတင်းစဉ်)

လွှဲပြောင်းပေးအပ်

ထို့နောက် နံနက် ၆ နာရီ ၅၅ မိနစ်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက တိုက်ကြီးမြို့နယ် ဂျိုးဖြူအားကစားပြိုင်ကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို နုတ်ယူပြီး တပ်မတော်(ကြည်း၊ရေ၊လေ)နှင့် ရဲအရာရှိလေးဦး၊ ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံလိုက်ပါ၍ ဂျိုးဖြူအားကစားပြိုင်ကွင်းမုခ်ဦးသို့ သတ်မှတ်လမ်းကြောင်းအတိုင်း သယ်ဆောင်လာပြီး ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်ထံ လွှဲပြောင်းပေးအပ်သည်။

ငွေဖလား၌စိုက်ထူ

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က တပ်မတော်

ခရိုင် မရမ်းကုန်းမြို့နယ်၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် စမ်းချောင်းမြို့နယ်တို့ကိုဖြတ်သန်း၍ သယ်ဆောင်ကြရာ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ထောင်ပေါင်းများစွာသော ပြည်သူများက ပြည်ထောင်စုအလံတော်ကို အလေးပြုကြသည့်အပြင် ပြည်ထောင်စုအလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း၊ စည်တော်ရွှမ်း၍လည်းကောင်း၊ ဘင်ခရာများတီးမှုတ်၍လည်းကောင်း၊ ပန်းဖွားအကများက၍လည်းကောင်း၊ နိုင်ငံတော်အလံများလွှင့်ထူ၍လည်းကောင်း၊ ရောင်စုံ

ကမ်း သယ်ဆောင်ရန် အသင့်စောင့်ဆိုင်းနေသော ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင် ခေါင်းဆောင်သောအလံတော်သယ်ယူရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စု အလံတော်ကို ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ကျောက်တံတားမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးရွှေမောင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ စမ်းချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဆိပ်ကမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ အလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်တင်နွယ်ဦး ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အုန်းမြင့် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဦးတင်မောင်ခိုင် ခေါင်းဆောင်သည့် အလံတော်သယ်ယူရေးအဖွဲ့၊ရန်ကုန်အနောက်ပိုင်းခရိုင် ကိုယ်စားပြု အရန်မီးသတ်

တပ်ဖွဲ့မှ ဦးခင်လှ ခေါင်းဆောင်သည့် အလံတော်သယ်ယူရေးအဖွဲ့၊ ရန်ကုန်အနောက်ပိုင်းခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဦးကျော်သောင်း ခေါင်းဆောင်သည့် အလံတော်သယ်ယူရေးအဖွဲ့၊ ကြည့်မြင်တိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်လွင် ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနေဝင်း ခေါင်းဆောင်သောအလံတော်သယ်ယူရေးအဖွဲ့တို့က စမ်းချောင်းမြို့နယ် ဟံသာဝတီလမ်း၊ ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်း၊ ပန်းပင်ကြီးလမ်းအတိုင်း အဆင့်ဆင့် လက်ဆင့်ကမ်း၍ သယ်ဆောင်ကြပြီး စလင်းအားကစားကွင်းအတွင်း သတ်မှတ်နေရာအရောက်၌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ပြည်ထောင်စု အလံတော်ကို တပ်မတော်(ကြည်း၊ရေ၊လေ)နှင့် ရဲအရာရှိလေးဦး၊ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံလိုက်ပါလျက် စလင်းအားကစားကွင်း စင်မြင့်သို့ သတ်မှတ်လမ်းကြောင်းအတိုင်း သယ်ဆောင်လာရာ ပတဉ်းတန်း မင်္ဂလာစည်တော်အဖွဲ့က စည်တော်ရွှမ်း၍လည်းကောင်း၊ လသာမြို့နယ် အမှတ်(၁)နှင့် အမှတ်(၂)၊ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းများမှ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များက ဘင်ခရာများတီးမှုတ်၍ လည်းကောင်း၊ ပန်းဖွားအကများက၍ လည်းကောင်း ဂုဏ်ပြုကြသည်။

ယင်းနောက် ပြည်ထောင်စုအလံတော်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က နံနက် ၉ နာရီ ၄၅ မိနစ်တွင် စလင်းအားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌စိုက်ထူလိုက်ပြီး ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့မှ ပြည်သူလူထုကြီးက ရန်ကုန်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုအလံတော်ကို အလေးပြုကြရာ အမှတ်(၁၁) ခြေမြန်တပ်မ ဌာနချုပ် စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကိုတီးမှုတ်သည်။

လာရောက်အလေးပြု

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ တစ်ညတာရပ်နားလျက်ရှိသော ပြည်ထောင်စုအလံတော်ကို ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ အသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက လာရောက်အလေးပြုကြသည်။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးအစီအစဉ်အရ ပြည်ထောင်စုအလံတော် တစ်ညတာ ညအိပ်ရပ်နားရာ ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ ဝန်ကြီးဌာနများမှ ပညာပေးပြခန်းများ၊ အရောင်းဆိုင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ ပညာပေးပြခန်းများနှင့် အရောင်းဆိုင်များကို ဖွင့်လှစ်ပြသရောင်းချလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စုအလံတော် တစ်ညတာ ညအိပ်ရပ်နားရာ ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ မော်ကွန်းရုပ်ရှင်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ မြဝတီအငြိမ့်တို့ဖြင့် လည်းကောင်း ပြည်သူများအား ဖျော်ဖြေတင်ဆက်သည်။ **(သတင်းစဉ်)**

တပို့တွဲ ပေါက်လဲငုံစီ ဖူးပွင့်ပြီ

ခိုင်ရွှေကြာ

ထန်းရည်နင်း ပေါက်ကင်းတဲ့လဲငုံ
ဆက်ရက်ကယ် သာရကာနှင့်
ရော်ရွက်ဝါ တမာနု
လွမ်းသူ့ပုပုံ
စရိုက်ကယ်လှုံ ပင်မြို့မြင့်သိုက်နန်း။
ထွက်စီးငယ်ဝှန် ကျောက်စက်ကယ်ရေတံခွန်နှင့်
ဟေမဝန် သာယာနုပါဘိ
ယွန်းလုန္နေဆန်း။ ။

စာဆိုတော် ဦးကြင်ဥ၏ ကဗျာဖြစ်ပါသည်။ တပို့တွဲလ၌ ထန်းသမားတို့သည် ထန်းပင်များပေါ်သို့ တက်ပြီးလျှင် ထန်းဖူးထန်းခိုင်နှင့်တကွ ပတ်လည်ရှိ ထန်းလက်တို့ကား ထန်းရည်ကောင်းစွာထွက်၍ ထန်းရည်ခံရာ၌ လွယ်ကူစေဖို့ရန် အောက်သို့ ကိုင်းညွတ်ဆွဲဆိုင်းလာအောင် ခြေထောက်ဖြင့် နင်းနှိပ်ချရသော အခြင်းအရာ ရှိကြသည်မှာ ထန်းသမားတိုင်း သိနေကြသည်။ ယခုကာလ၌ အများအားဖြင့် ထန်းရည်နင်းသည်ဟု ခေါ်ဝေါ်ကြသည်။

အဆိုပါ ထန်းရည်နင်းသော တပို့တွဲလ၌ ရာသီအလိုက် ဖူးပွင့်ကြသော ပေါက်ပန်းမာလာ အဖြာဖြာတို့နှင့် နီတျာတျာအသွေး ရှုမြင်သူငေးလောက်သော လဲပန်းကလေး (ဝါ)လက်ပံပန်းကလေး အဖြာဖြာတို့သည် သာယာလှပအစွမ်းပြဖို့ သူတို့အချိန်ကျပြီမို့ ပွင့်ပေါ်လာကြမြဲ ဖြစ်သည်။

ရာသီချိန်ပွင့်သော ပေါက်ပန်းလဲပန်း ဖူးငုံပွင့်သောအချိန်ရာသီ၌ ဆက်ရက်သာရကာ ကျေးငှက်များစွာတို့ ဘာသာဘာဝပျော်မြူးရွှင်ပျကြသည်။ တမာပင်၌ အရွက်ဟောင်းများရင့်ရော်ကာ အရွက်နုများ ဖြစ်ပေါ်လာကြသည်။ ကျေးငှက်များစွာတို့သည် သူတို့စရိုက်အားလျော်စွာ မြင့်မားသော သစ်ပင်ထက် အသိုက်အအုံမြနန်းဂေဟာ၌ ပျော်ရွှင်မြူးထူးနေကြသည်။

"တမာလည်းနု၊ ကျေးလည်းဥ"သော တပို့တွဲလတွင် ကျောက်ရေတွင်း၊ ကျောက်ရေကန်တို့၌ ရေတံခွန်တို့သည် ထွက်မှု၊ စီးဆင်းမှု နှစ်ခုကိုပြုလျက် ဟိမဝန္တာတောသဖွယ် တင့်တယ်သာယာလှသည့် နွေရတုအချိန်အခါကို ငုံလင့်ကာ ဆောင်းရတုအချိန်အခါကို ကုန်လွန်စေတော့မည် ဖြစ်သည်။ ဆောင်းရတုကုန်ခါနီးသော တပို့တွဲလ၌ ရာသီအားဖြင့် "အိုး"ရုပ်ဖြင့် သရုပ်ပြသော ကုံရာသီ၊ စန်းယှဉ်နက္ခတ်အားဖြင့် မာဃကြယ်၊ ပွဲတော်အားဖြင့် "ထမနဲပွဲတော်" "ဩဝါဒပါတိမောက်အခါတော်"ဟု ရေးကသတ်မှတ်ခဲ့ကြသည်။

တပို့တွဲလ၌ ပါစကဝမ်းမီးတေဇောဓာတ် ကောင်းမွန်လှသည်ဖြစ်သောကြောင့် ကောက်ညှင်းထမနဲပွဲ ထိုးမြဲအစဉ်အလာ ပွဲတော်ပြုလုပ်ပြီးလျှင် ရတနာသုံးပါးအား လှူဒါန်းကြသည်။ မိတ်ဆွေများကိုဖိတ်၍ ကျွေးကြသည်။ ကျောင်းတိုက်အချို့တွင်လည်း ထမနဲများစွာထိုးပြီး ဒါယကာ၊ ဒါယိကာမတို့အား ပေးဝေကြသည်။ ဤအချိန်အခါသည် ချမ်းအေးမှုလည်း မလွတ်သေး၊ အပူရှိန်လည်း မလွတ်ကင်းသေးသည်သာမက လူသားတို့၏ အစားအစာတို့သည် ကြေလွယ်သော သဘောရှိသည်။

ရှေးလူကြီးသူမများက နောင်လာနောက်သားများ ထမနဲထိုးနည်းကို မှတ်သားရလွယ်ကူစေရန် အောက်ပါအတိုင်း စာဖွဲ့ပေးထားခဲ့သည်-

ထမနဲ ထိုးရန်ဖို့ စာချိုးလို့မှာခဲ့မယ်။
တစ်စိတ်ဆန် သည်ကောက်ညှင်းရယ်နှင့်
တစ်ပိဿာ ဆီအမှန်သွင်းပါလို့
ချင်းကသုံးဆယ်။

မြေပဲဖြူ လှော်တစ်ခွက်ကယ်နှင့်
အုန်းသီးဆန် အတူဖက်ပါလို့
နှမ်းမပျက် ဤနည်းနှယ်
ရေစင်ကြယ်ပထည့်ရိုး။
လက်နှစ်သစ်သာပ
တွက်စစ်ကာ ချိန်တစ်ဆယ်ဆားရယ်နှင့်
ရောနှောကာ လူအများတို့ရယ်
အားသစ်လို့ထိုး။

တပို့တွဲလပြည့်နေ့ကို ဩဝါဒပါတိမောက် အခါတော်နေ့ဟူ၍လည်း ဆိုကြသည်။

ပထမဩဝါဒမှာ-

- မကောင်းမှုအကုသိုလ်ဟူသမျှကို မပြုခြင်း၊
- ကုသိုလ်ကောင်းမှုကို ပြုလုပ်ခြင်း၊
- မိမိစိတ်ကို ကြည်လင်ဖြူစင်စေခြင်း တို့ဖြစ်သည်။

ဒုတိယဩဝါဒမှာ-

- မိမိအပေါ်ဝန်တက်သည်းခံခြင်းသည် အမြတ်ဆုံး၊
- ဒုက္ခငြိမ်းရာ နိဗ္ဗာန်သည် အမြတ်ဆုံး၊
- ရဟန်းသည် သူတစ်ပါးကို မညှဉ်းဆဲရ၊
- သူတစ်ပါးကို ညှဉ်းဆဲသောသူသည် ရဟန်း မဟုတ် တို့ဖြစ်သည်။

တတိယဩဝါဒမှာ-

- နှုတ်ဖြင့် သူများကိုမညှင်းဆဲခြင်း၊ မစွပ်စွဲခြင်း၊
- အမြတ်ဆုံးသီလတော်၌ စောင့်စည်းခြင်း၊
- စားသောက်မှုအတိုင်းအရှည်ကိုသိခြင်း၊
- ဆိတ်ငြိမ်သော အိပ်ရာနေရာကို မှီဝဲခြင်း၊
- လွန်ကဲသော သမာဓိစိတ်၌ အားထုတ်ခြင်း တို့ဖြစ်သည်။

သက်တော်ရှည်သော ဘုရားရှင်တို့သည် သာသနာတော်ကုန်ဆုံးသည့်တိုင်အောင် ဤဩဝါဒပါတိမောက်ကိုသာ ပြုကြသည်။ သက်တော်တိုသော ဘုရားရှင်တို့သည် ပထမဗောဓိဝါတော်(၂၀)အတွင်း၌သာ ဩဝါဒပါတိမောက်ပြုကြသည်။ တပို့တွဲလပြည့်နေ့၌ ဩဝါဒပါတိမောက်အခါတော်နေ့ ကျင်းပပြုလုပ် ပူဇော်သင့်ကြပါသည်။

ယာဂုတော် ထမနဲ
တပို့တွဲတီထွင်
ပေါက်နှင့်လဲ မည်တွင်ကာ
စည်ပင်စွာ ပွင့်ဖူး။
"အိုး"ရုပ်ပြ ကုံရာသီငယ်
ကြုံပါပြီ"မာဃ"ရောင်မြူး။
ခြသေ့်ကြွက် ရက်ရာဇာ
ဆက်လက်သာ မှတ်ဦး။
တွက်ချက်ကာ တစ်ဖုံကူးလျှင်လ
ဂဠုန်မှူး ဗျူဠ်။
ရောင်စရာ ပြဿဒါးပေမို့
ငါးဖဝါးမွန်းတည့်မာသာ
နှစ်ဆယ့်ခြောက် နေ့ကာလာ
ညဥ့်အခါ သုံးဆယ်လေးရယ်နှင့်
မြတ်ပဂေး နံ့သာပူဇော်
ပျံ့စွာကြူသော်
ဆောင်းရတု စက်မပျော်သည်
အေးမြတော်မူလွန်းလှလေး။ ။

တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်

တာချီလိတ် ဖေဖော်ဝါရီ ၅

တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉နာရီက အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးဇော်မိုးအေး၊ မယ်ခေါင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနန်စောတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

မယ်ခေါင်ရပ်ကွက်ပတ်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ် ၂၁၈၅၀၀၀ ဖြင့် အကုန်အကျခံ၍ အရှည် ၄၇၅ ပေ၊ အကျယ် ၁၂ပေကို ဆောင်ရွက်ပေးကြသည်။

ကျေးဇူးတင်စကားပြောကြား

လမ်းသစ်ဖွင့်ပွဲတွင် တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင်က လမ်းဆောင်ရွက်မှု အခြေအနေကို လည်းကောင်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနန်စောက ကျေးဇူးတင်စကားကိုလည်းကောင်း ပြန်လည်ပြောကြားကြသည်။

(မြို့နယ် စည်ပင်)

ပေါက်တောမြို့ အမှတ်(၃)ရပ်ကွက် ပန်းသီး ၂ လမ်း ကျောက်ချောလမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်ဇောလှနှင့် အမှုဆောင်အရာရှိ ဦးကျော်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြစဉ်။
(မြို့နယ် စည်ပင်)

မြန်မာ့အသံ

၁၃-၂-၂၀၀၆
(တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုး ပြည့်အကျိုးအစီအစဉ် (စုပါကောင်း နို့စားနွား မွေးမြူရေးလုပ်ငန်းအကြောင်း)
၁၁း၃၀ ပေးဝေသူနှင့် ဆက်ခံသူ (အစီအစဉ်-၁)
၁၁း၄၀ သုတစုံစွာ သိမှတ်စရာ (အဝလိုသူများအကြောင်း- သိပ္ပံမှူးတင်)
၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ(ပြည်တွင်း)
၁၂း၂၅ အားကစား သတင်းပဒေသာ
၁၂း၃၅ ဆွေးနွေးခန်း (စောင်းဦးဘသန်း အလွမ်းပြေ)
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ဘီအီးဒီမြန်မာစာသင်ပြနည်း)

ညနေပိုင်း

၁၆း၃၀ ဆွေးနွေးခန်း (အငြိမ်းစားဝန်ထမ်းဟောင်းများ-ဒေါ်ခင်ခင်ကြည်၊ ဦးအောင်မြင့်)
၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
၁၇း၄၀ ဓာတ်လမ်းပမာနားဆင်စရာ (ရင်ထဲနှလုံးသားထဲကပါရှင်)
၁၈း၂၅ ဟောပြောချက် (ရုပ်မြင်ကဏ္ဍသိကောင်းစရာ -ဦးမြင့်-တီဗွီ)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်-ဦးဘုန်းမြင့်)
၁၉း၁၅ နောက်နှောင်းဆီမှ ကောက်ကြောင်း ဂီတအစီအစဉ်
၂၀း၃၀ ဆွေးနွေးခန်း (အကပညာရှင်ကြီးများ၏ ဘဝခရီးလမ်း)

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခုဘဏ္ဍာရေးနှစ်အဖွဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်သော အမှတ် ၃လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သန်းသန်းမြ ဆောင်ရွက်ရာသို့ ဇန်နဝါရီ ၇ ရက်က အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးထွန်းထွန်းနိုင်တို့ ကြီးကြပ်ပေးကြစဉ်။
(မြို့နယ် စည်ပင်)

မတ္တရာမြို့ ဘုရင့်နောင်လမ်း ကတ္တရာလမ်းသစ်ဖွင့်

မတ္တရာ ဇန်နဝါရီ ၁၈

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ဘုရင့်နောင်(ရန်ကင်း) လမ်းအရှည် ၉၄၂ပေနှင့် အကျယ် ၁၂ပေ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက် ၈နာရီခွဲက ဘုရင့်နောင်လမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးမြင့်၊ အမှုဆောင်အရာရှိ ဦးအောင်ဇံနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဦးအေးကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ဘုရင့်နောင် (ရန်ကင်း) လမ်းမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျခံငွေကျပ်၂၄၈၀၀၀၀၊ ပြည်သူများ ထည့်ဝင်ငွေ ကျပ် ၅၀၈၀၀၀ နှင့် စုစုပေါင်း ကုန်ကျငွေကျပ် ၂၉၈၈၀၀၀ဖြင့် အကုန်အကျခံဆောင်ရွက်ပေးခဲ့၍ ပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့ပြီး သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ချောမွေ့စွာ ဆောင်ရွက်နိုင်ပြီ ဖြစ်သည်။ **(မြို့နယ် စည်ပင်)**

ကိုခေတ်နှင့်အားဂု အတွက် (၁)နှစ်ပြည့် မင်္ဂလာဆုတောင်း

သားငယ် **မောင်ကျော်ဖေယျာမင်း(ကိုခေတ်)**နှင့် သမီးငယ် **မဇာဇာလှိုင် (အားဂု)**တို့၏ ၁၂–၂–၂၀၀၆ ရက် (ပြည်ထောင်စုနေ့)တွင် ကျရောက်သော တစ်နှစ်ပြည့်မင်္ဂလာရက်မှသည် နှစ်တစ်ရာတိုင် သစ္စာမပျက်၊ မေတ္တာဖက်၍ ရာသက်ပန် ပျော်ရွှင်ချမ်းမြေ့ကြပါစေ။ ။

ဖေဖေ၊ မေမေ – ဦးသောင်းရွှေ(ဌာနခွဲမန်နေဂျာ၊ ရေနံဌာနခွဲ၊ မော်လမြိုင်)–ဒေါ်သန်းသန်း
ကိုကို – ကိုထွန်းထွန်းလင်း–မမော်ရည်ကျော် (ရွှေခေ ခရီးသွားလုပ်ငန်း)
မမ – ကိုဝင်းကိုကို–မချယ်ရီသင်း (M.P.P.E)၊ ပုသိမ်မြို့။

လက်ထပ်ပြီးစီးခြင်း

တောင်ကြီးမြို့ ညောင်ရွှေဟော်ကုန်းရပ်ကွက် ရွှေဝါလမ်း အမှတ် ၁၂၀ နေ (ဦးအိုက်လျှံ)–ဒေါ်အေးညိုတို့၏ ဒုတိယသား

မောင်သိန်းတန် B.Sc (I.C)

နှင့်

တောင်ကြီးမြို့ ညောင်ရွှေဟော်ကုန်းရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၉ နေ ဦးဖေညွန့် (ရွှေမောင်း)–(ဒေါ်ညို) တို့၏မြေး ဦးအောင်သိန်း–(ဒေါ်ခင်သန်းမြင့်)တို့၏ ဒုတိယသမီး

မစပယ်နိုင် B.A (Eco)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ၂၈–၁၂–၂၀၀၅ ရက်တွင် Royal Garden Restaurant ၌ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သိန်းတန်–မစပယ်နိုင်။



(၁၁)နှစ်ပြည့် မွေးနေ့ဆုတောင်း

ချစ်မြေးလေး **မောင်ရဲရင့်ဖြိုး(ခ)ချစ်သဲတုံ** ၏ ၈–၂–၂၀၀၆ရက်တွင် ကျရောက်သော (၁၁)နှစ်ပြည့်မွေးနေ့မှ နောင်နှစ် (၁၂၀)တိုင် သားလေး၏ ဘဝခရီးတစ်လျှောက် အောင်မြင်မှုများစွာဖြင့် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာ ပညာတတ် လူရည်လူမွန်လေးဖြစ်ပြီး တိုင်းပြည်အကျိုး သယ်ပိုးသိတတ်သော သားကောင်းရတနာလေးဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်။

ချစ်ဘိုးဘိုး – ဦးမောင်မောင်ငယ်
ချစ်ဖေဖေ – ဒေါက်တာဦးစိုးနိုင်(ဆေးရုံအုပ်ကြီး) ပုသိမ်တိုင်းပြည်သူ့ဆေးရုံ
ချစ်မေမေ – ဒေါ်ချိုချိုမြင့်
ချစ်ညီလေး – ကျော်နန္ဒစိုး။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် စေတီပြင်ရွာနေ ဦးမောင်စိန်လှ(ကုန်သည်)–ဒေါ်လှနုတို့၏သား

မောင်စန်းငွေ B.A (Eco)

နှင့်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံတန်း၊ အမှတ် (ခ/၅၅) ကျွန်းရွှေဝါလမ်းနေ(ဦးအောင်ကျော်သိန်း)–ဒေါ်သန်းစိန် တို့၏သမီးငယ် ဦးဦးလှမြင့်(ရခိုင်သားကြီးစာပေ)–ဒေါ်ဦးသိန်းမြတို့၏ညီမ

မသန္တာအေး B.Sc (Credit) , M.Sc (Engg Phys) M.Res (Phys), Ph.D(Thesis) , Dip in English (Y.U)

တို့သည် ၅–၂–၂၀၀၆ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်စန်းငွေ–မသန္တာအေး။

အမည်ပြောင်း

မကွေးမြို့ အလက(၄)စတုတ္ထတန်း(A)မှ (အဖ) ဦးဝင်းညွန့်၏ သားမောင်ကိုအောင်အားမောင်အောင် ဟုပြောင်းလဲခေါ်ပါရန်။

မောင်အောင်။

အမည်ပြောင်း

ဟင်္သာတမြို့ အလက(၅) Grade-2မှ (အဖ)ဦးလင်းကျော်၏ သား မောင်ထက်မြက်လင်းကျော်အား မောင်လင်းကျော်စွာနိုင်ဟု အမည်ပြောင်းလဲ ခေါ်ပါရန်။

မောင်လင်းကျော်စွာနိုင်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် ၄၈၆၉၅စသည် ခရီးသွားစဉ်ပျောက်ဆုံးသွား၍ တွေ့ရှိက ဆက်သွယ်ပါရန်။

ကိုရာရှ် ၉/ပဥလ–၀၀၂၉၈၇
ဖုန်း–၀၉–၉၀–၅၀၅၂၂။

(၅၈)နှစ်မြောက် လွတ်လပ်နေ့အထိမ်းအမှတ်ဟောပြောနံရံကပ်စာစောင်၊ ဓာတ်ပုံနှင့်စာအုပ်ပြပွဲကျောက်မဲ၌ဖွင့်

ကျောက်မဲ ဇန်နဝါရီ ၁၅

ကျောက်မဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲအခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက် ၈နာရီက ခရိုင်ရုံးရှေ့တွင်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းနှင့် ခရိုင်ဦးစီးအရာရှိ ဦးမောင်ကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးစိုးဝင်း၊ အဖွဲ့ဝင်(၁)ခရိုင် အုပ်ချုပ်ရေးမှူး ဦးဘဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးလွင်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဖွင့်ပွဲအပြီးတွင် ပြခန်းများအတွင်း ပြသထားသည့် နံရံကပ်စာစောင်များ၊ မှတ်တမ်းဓာတ်ပုံများနှင့် စာအုပ်များကို လှည့်လည်ကြည့်ရှုကြသည်။

(ခရိုင် ပြန်/ဆက်)

ဒလမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၄–၂၀၀၅ခု ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပရာ သတ္တမတန်း၌ ပထမဆုရ မသက်ထားဆွေအား ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပေးအပ်လှူဒါန်း

ဖေဖော်ဝါရီ၅ရက်က ထောက်ကြံ့မြို့လမ်းဆုံပိုင်းနေ ဦးပု(ရသာရုံ) မိသားစုက ဒေါ်ရီအား ရည်စူး၍ အလှူငွေကျပ် တစ်သိန်းကို အခမဲ့နာရေးကူညီမှု အသင်း(ထောက်ကြံ့)သို့ပေးအပ်လှူဒါန်းရာ အသင်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်က လက်ခံယူစဉ်။

(က–ပ)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၁၄–၂–၂၀၀၆ (အင်္ဂါနေ့)

- ❑ English Language Teaching Methodology(2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ English Language Teaching Methodology(3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

၁၅–၂–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

- ❑ Reseach Methodology(1)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ Reseach Methodology(2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

၁၆–၂–၂၀၀၆(ကြာသပတေးနေ့)

- ❑ Reseach Methodology(3)+(4)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
  - Psycholinguistics(3,4,5)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

၁၇–၂–၂၀၀၆(သောကြာနေ့)

- Psycholinguistics(3,4,5)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ Error Analysis(1,2.3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

နံနက် ၉:၀၀နာရီမှ ညနေ ၄:၀၀နာရီအထိ

၁၈–၂–၂၀၀၆ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၁၉–၂–၂၀၀၆ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

အသံမစဲပဋ္ဌာန်းရွတ်ပွဲ စဥ့်ကူမြို့၌ကျင်းပမည်

ညောင်ဦး ဖေဖော်ဝါရီ ၆

ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ စိန္တာမုနိစေတီ ရင်ပြင်တော်ပေါ်တွင် အများကောင်းမှု ဆောက်လုပ်မည့် ၉၉၀၀ တန်ဆောင်းတော် မြေနေရာပေါ်တွင် ဗုဒ္ဓ ပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့ အင်းစိန်က ကြီးမှူး၍ ပထမအကြိမ် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်မှ၂၆ရက်အထိ သံဃာတော်၂၄ပါးဖြင့် ကျင်းပမည် ဖြစ်သည်။ လှူဒါန်းလိုသူများသည် ကန်တော့ပွဲတစ်ပွဲနှင့် ပဋ္ဌာန်း သောက်ရေအိုးတစ်စုံ ကျပ် ၃၆၀၀၊ သံဃာတော်များအတွက် အရုဏ်ဆွမ်း ကျပ် ၁၈၀၀၀၊ နေ့ဆွမ်းအချိုပွဲ ကျပ် ၄၅၀၀၀ဖြင့် လှူဒါန်းလိုသူများသည် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဥတ္တမ (စဥ့်ကူဆရာတော်) ဖုန်း–၀၂–၆၇၃၇၄၊ ဦးစိုးဝင်း (စဥ့်ကူစိုးဝင်း) စုပေါင်းရုံးဝင်း အင်းစိန် ဖုန်း–၆၄၀၄၈၇၊ ၆၄၀၄၈၉၊ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ၊ တောင်တွင်းကြီး)ဥက္ကဋ္ဌ ဆီမီး ၉၉၀၀အဖွဲ့ စုပေါင်းရုံးဝင်း အင်းစိန်၊ ဦးစိုင်းဘုန်းထူး–ဒေါ်ဖြူဖြူညွန့်(စိုင်းဘုန်းထူး ဗီဒီယို၊ ဓာတ်ပုံစတူဒီယို) ဖုန်း–၂၉၂၆၄၄–၂၉၄၆၀၆ နှင့်ဒေါ်ဝင်းကြည် ချောက်မြို့ ဖုန်း–၀၆၁–၂၁၆၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ဆွမ်းဆက်ကပ် လှူဒါန်း

ဖေဖော်ဝါရီ ၁၁ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။(သတင်း–ရှေ့ဖုံး)

(သတင်းစဉ်)

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့ သာသနာ့ရက္ခိတစာသင်တိုက်နှစ်ထပ်ကျောင်းဆောင်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၉ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့သို့ရောက်ရှိပြီး ဒေသအတွင်းဆောင်ရွက်သည့် ကြက်ဆူပင်ပျိုးပွဲတော်များကို တက်ရောက်အားပေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ နမ့်စန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်း၌ကျင်းပသည့် ဇီဝလောင်စာကြက်ဆူဆီဖြင့် စက်ကိရိယာများ မောင်းနှင်သရုပ်ပြပွဲနှင့် ကြက်ဆူပင်ပျိုးပွဲတော်သို့ တက်ရောက်ပြီး ပျိုးထောင်ရန် စုဆောင်းထားသည့် ကြက်ဆူမျိုးစေ့များ၊ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးခြင်း၊ ကြက်ဆူဆီအသုံးပြု၍ စက်ကိရိယာများ မောင်းနှင်စမ်းသပ်ခြင်း သရုပ်ပြဓာတ်ပုံများ၊ ကြက်ဆူပျိုးပင်ပေါက်များ၊ မျိုးကိုင်းများ၊ ကြက်ဆူသီးအစိမ်း၊ ကြက်ဆူသီးအခြောက်၊ ကြက်ဆူသီးအစေ့၊ ကြက်ဆူသီးအဆန် နမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကြက်ဆူဆီဖြင့် မီးဖို၊ မီးအိမ်၊ မီးခွက်တို့ ထွန်းညှိအသုံးပြုနိုင်မှုများကို ပြသကြပြီး ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်း ကြက်ဆူပင်စိုက်ပျိုးခြင်းလုပ်ငန်းကို မြို့နယ်အလိုက် အောင်မြင်စွာ စိုက်ပျိုးနိုင်မှုများ၊ ကြက်ဆူပင် စိုက်ပျိုးခြင်းလုပ်ငန်းတွင် ဒေသခံ တောင်သူလယ်သမားများ၊ ပြည်သူများ၏ စိတ်ပါဝင်စားမှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

ပြည်ထောင်စုနေ့ အထူးထုတ်ပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အထူးထုတ် ရောင်စုံအချပ်ပိုစာမျက်နှာ လေးမျက်နှာ ပူးတွဲပါရှိပါသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု

အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

❑ သမိုင်းကြောင်း အစဉ်အလာ ကြီးမားသည့် မြန်မာ တို့၏ အစဉ်အလာ ကောင်းများကို နိုင်ငံသားတိုင်း သိရှိရန် အရေးကြီးပေသည်။ အမျိုးကို ချစ်မြတ်နိုးရန်၊ နိုင်ငံတော်ကို ချစ်မြတ်နိုးရန်နှင့် စည်းလုံးညီညွတ်သော စိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်မှာ နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ပေသည်။

မောင်မောင်မြင့်ဆွေ၏ ဆောင်းပါး (စာ - ဂ-ဇ)

❑ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မွန်ပြည်နယ်

သတင်းဓာတ်ပုံမှတ်တမ်း (စာ-ဇ)

❑ ပြည်ထောင်စုနေ့ အဓိဋ္ဌာန်

မြင်းမူမောင်နိုင်မိုး၏ ကဗျာ (အထူးထုတ် -ဂ)

❑ ဒို့တာဝန် အရေးသုံးပါး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ နှလုံးသည်းပွတ်၌ ထက်မြက်ခိုင်ကျည် မြဲမြံနေသည့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်မှာ သမိုင်းကပေးသော အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်။

တက္ကသိုလ်မောင်သုလှိုင်၏ ဆောင်းပါး (အထူးထုတ် -ဃ)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး